www.dhammadownload.com

ဓမ္မဒူတစာစဉ်

ဓမ္မဒူတ
ဒေါက်တာအရှင်ပညာသိဃရ

B.A (Myanmar), M.A (Srilanka), Ph.D (India)

သာသနဓဇဓမ္မာစရိယ၊ သာသနဇောတိပါလဓမ္မာစရိယ၊ သာသနဟိတဂဏဝါစက အာစရိယ
ဓမ္မကထိက ဗဟုဇနဟိတရေ မဟာဂန္ထဝါစကပဏ္ဍိတ

# ဆုံးမလွယ်သူ ဖြစ်ပါစေ



www.dhammadownload.com


ဓမ္မဒူတ

ဒေါက်တာအရှင်ပညိဿရ

B.A (Myanmar), M.A (Srilanka), Ph.D (India)

သာသနဓဇဓမ္မာစရိယ၊ သာသနဇောတိပါလဓမ္မာစရိယ၊ သာသနဟိတဂဏဝါစက အာစရိယ
ဓမ္မကထိက ဗဟုဇနဟိတဓရ မဟာဂန္ထဝါစကပဏ္ဍိတ


# ဆုံးမလွယ်သူ ဖြစ်ပါစေ



www.dhammadownload.com

"ဓမ္မစကား၊ နေ့တိုင်းကြားက၊
စိတ်ထားဖွေးလက်၊ သိဉာဏ်တက်၏"

ဓမ္မဒါနကုသိုလ်ရှင်

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

အလှူအားလုံးတို့တွင် တရားအလှူသည်
အမြတ်ဆုံးဖြစ်၏။

www.dhammadownload.com


## ပုံနှိပ်မှတ်တမ်း

**စာမူခွင့်ပြုချက်**
မြ၀၀၉၇၆၁၁၁၁

**အဖုံးခွင့်ပြုချက်**
မြ၀၀၈၄၄၁၁၁၁

**ထုတ်ဝေသည့်ကာလ**
၂၀၁၂၊ ဇန်နဝါရီလ (ပထမအကြိမ်)

**မျက်နှာဖုံးပန်းချီ**
ပန်းချီကံကောင်း

**ပုံနှိပ်သူ**
ဇမ္ဗူမော်ပုံနှိပ်တိုက်

**ထုတ်ဝေသူ**
ဆုပြည့်စုံထွန်းစာပေ
ဒေါ်ခင်မာရွှေ(မြ - ၃၉၀၅)
အမှတ် - ၅၀၈/၅၁၂၊ (၂-ခ)၊ ပထမထပ်၊
ကုန်သည်လမ်း(ဆိပ်ကမ်းသာလမ်းထောင့်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
၃၈၃၆၆၄၊ ၃၈၆၈၃၃။

**အုပ်ရေ**
၅၀၀၀ အုပ်

**တန်ဖိုး**
၄၀၀ ကျပ်

၂၉၄.၃

ပညာသရ၊ အရှင်၊ ဒေါက်တာ၊ ဓမ္မဒူတ
ဆုံးမလွယ်သူဖြစ်ပါစေ / ဓမ္မဒူတဒေါက်တာအရှင်ပညာသရ။ - ရန်ကုန်
ဆုပြည့်စုံထွန်းစာပေ၊ ၂၀၁၁။
၇၂ - စာ၊ ၉.၅ x ၁၇.၂စင်တီ။
(၁) ဆုံးမလွယ်သူဖြစ်ပါစေ

www.dhammadownload.com

ဓမ္မဒူတ
ဒေါက်တာအရှင်ပညိဿရ
B.A(Myanmar), M.A (Srilanka), Ph.D (India)
သာသနဓဇဓမ္မာစရိယ၊ သာသနဇောတိပါလဓမ္မာစရိယ၊ သာသနဟိတဂဏဝါစကာစရိယ
ဓမ္မကထိက ဗဟုဇနဟိတဓရ၊ မဟာဂန္ထဝါစကပဏ္ဍိတ

# ဆုံးမလွယ်သူ ဖြစ်ပါစေ

ဖြန့်ချိရေး
**ဆုပြည့်စုံထွန်းစာပေ**
အမှတ် – ၅၀၈/၅၁၂၊ (၂–ခ)၊ ပထမထပ်၊ (သရဖီကွန်ဒို)၊
ကုန်သည်လမ်း(ဆိပ်ကမ်းသာလမ်းထောင့်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၃၈၃၆၆၄၊ ၃၈၆၈၃၃။

www.dhammadownload.com

# ဓမ္မဒူတ တရားတမန်

ဓမ္မဒူတ စာပို့ချ သင်ကြ ကျင့်ကြစေ။
ဓမ္မဒူတ စာရေးပြ ဖတ်ကြ ကျင့်ကြစေ။
ဓမ္မဒူတ ဟောဖော်ပြ နာကြ ကျင့်ကြစေ။
ဓမ္မဒူတ တရားပြ ကျင့်ကြ ကျိုးရစေ။

www.dhammadownload.com



ဓမ္မဒူတ

# ဒေါက်တာအရှင်ပညိသဃရ

B.A (Myanmar), M.A(Sri Lanka), Ph.D (India)

သာသနဓဇဓမ္မာစရိယ၊ သာသနဇောတိပါလဓမ္မာစရိယ၊ သာသနဟိတဂဏဝါစက အာစရိယ

ဓမ္မကထိက ဗဟုဇနဟိတဓရ၊ မဟာဂန္ထဝါစကပဏ္ဍိတ

www.dhammadownload.com

# ဒေါက်တာအရှင်ပညာသာရ

မွန်ပြည်နယ်၊ သထုံမြို့ ညောင်ဝိုင်းရပ်နေ ဦးကျော်လှိုင် + ဒေါ်မြင့်ကြည်တို့မှ ၁၉၆၄ ခုနှစ်၊ ဇန်နဝါရီလတွင် ဖွားမြင်သည်။

တောင်စွန်း ဓမ္မဒူတတောရကျောင်း ဆရာတော်ကြီး ဘဒ္ဒန္တပညာဇောတ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)ကို ဥပဇ္ဈာယ်ပြုကာ ရှင်အဖြစ်၊ ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

တောင်စွန်းဓမ္မဒူတတောရ၊ မန္တလေးမြို့မစိုးရိမ်တိုက်ဟောင်း၊ မစိုးရိမ်တိုက်သစ်၊ ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက်၊ စစ်ကိုင်းတောင်ရိုး

www.dhammadownload.com

သဒ္ဓမ္မသီတဂူချောင်တို့တွင်လည်းကောင်း၊ သီရိလင်္ကာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့တွင်လည်းကောင်း ပညာ သင်ယူခဲ့ပါသည်။

သာသနဓဇ ဓမ္မာစရိယဘွဲ့၊

သာသနဇောတိပါလ ဓမ္မာစရိယဘွဲ့၊

သာသနဟိတ ဂဏဝါစက အာစရိယဘွဲ့၊

B.A (Myanmar), M.A (Srilanka), Ph.D (India) ဘွဲ့တို့ကို ရရှိခဲ့သည်။

၂၀၀၆ ခုနှစ်တွင် နိုင်ငံတော်မှ ဆက်ကပ်သော မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တော်ကို ရရှိခဲ့သည်။

၂၀၁၀ ပြည့်နှစ်တွင် သထုံမြို့ သုဝဏ္ဏဘူမိ ပရိယတ္တိ သာသနဟိတအသင်းကြီးမှ ဆက်ကပ်သော အဘိဝံသ ဘွဲ့တော်ကို ရရှိခဲ့သည်။

၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံတော်မှ ဆက်ကပ်သော ဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တော်ကို ရရှိခဲ့သည်။

www.dhammadownload.com

ဓမ္မဒူတဆရာတော်ကြီး လွန်တော်မူသည့် ၁၉၉၇ ခုနှစ်မှ ၂၀၀၅ ခုနှစ်ထိ တောင်စွန်းဓမ္မဒူတတောရကျောင်းတိုက် နာယကဆရာတော်အဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့သည်။

၂၀၀၄ ခုနှစ်မှစတင်၍ သထုံမြို့နယ်၊ ကျိုက်ကော်ကျေးရွာတွင် ဓမ္မဒူတသုခိတာရုံကျောင်းတိုက်ကို တည်ထောင်ဖွင့်လှစ်ကာ ပဓာနနာယက ဆရာတော်အဖြစ် တာဝန်ယူ ဆောင်ရွက်သည်။

၂၀၀၅ ခုနှစ်မှ စတင်၍ ပဲခူးမြို့ ဆယ်မိုင်ကုန်းတွင် ဓမ္မဒူတတောရ သာသနာ့ရိပ်သာကို တည်ထောင်ဖွင့်လှစ်ကာ ပဓာနနာယက ဆရာတော်အဖြစ် စာရေး၊ စာချ၊ တရားဟော၊ တရားပြကာ သာသနာ့တာဝန်များကို ထမ်းဆောင်လျက်ရှိပါသည်။

www.dhammadownload.com

# ဆုံးမလွယ်သူဖြစ်ပါစေ

သာသနာသက္ကရာဇ် ၂၅၅၅ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်နေ့၊ ခရစ်နှစ် ၂၀၁၁ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့ညတွင် ပုသိမ်မြို့ ဓမ္မရေစင်အဖွဲ့၏ ဆဋ္ဌမအကြိမ်မြောက် ကလေးသူငယ်များ ဝိပဿနာရှုနည်း တရားစခန်းဖွင့်ပွဲနှင့် နွေရာသီအခြေခံ ပုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း စာအောင်ဆုနှင်းသဘင် အထိမ်းအမှတ် ဓမ္မသဘင် ဆင်ယင်ကျင်းပရာ မရန်းကျောင်းတိုက် ဓမ္မရင်ပြင်တော်၌ ဟောကြားအပ်သော "ဆုံးမလွယ်သူဖြစ်ပါစေ" တရားတော်။

www.dhammadownload.com

ဆုံးမလွယ်သူဖြစ်ပါစေလို့ အလွယ်တကူ မှတ်သားနိုင်အောင် တရားခေါင်းစဉ် ရွေးထားပါတယ်။ ကလေးသူငယ်များ ဝိပဿနာရှုမှတ်နည်း တရားသင်တန်းဖွင့်ပွဲ ဓမ္မသဘင်အတွက်ဆိုတော့ ကလေးတွေအတွက် ရွေးချယ်ခဲ့တဲ့ တရားပါ။ ကလေးသူငယ်များကို ဆုံးမလွယ်သူများ ဖြစ်စေချင်လို့ပါ။

အခု ဒီမှာ ဓမ္မဒါနအလှူရှင်များဖြစ်ကြတဲ့ ပုသိမ် တက္ကသိုလ် သင်္ချာဌာန၊ ပါမောက္ခဌာနမှူးနဲ့ ဆရာ ဆရာမများပါ နာယူကြတာဆိုတော့ အကြောင်းအရာလေး နည်းနည်းပြောင်းပြီးတော့ ဆရာဆရာမတွေ အတွက်ပါ ရည်ရွယ်လိုက်ရင် ပိုပြီးပြည့်စုံသွားမယ် ထင်ပါတယ်။

www.dhammadownload.com

# ဆိုဆုံးမတတ် ဆရာမြတ်

ဆုံးမလွယ်သူဖြစ်စေဖို့အတွက် အားလုံးအလေးထား ကြည်ညိုကြတဲ့ မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်များကို အရင်ဆုံး သတိထားကြည့်ကြရအောင်ပါ။

အားလုံး နားလည်ထားကြတာ၊ ကြည်ညိုထားကြတာ မြတ်စွာဘုရားရဲ့ ဂုဏ်တော်ကိုးပါးပါ။ အဲဒီဂုဏ်တော်ကိုးပါးမှာ ဘုန်းကြီးပြောချင်တဲ့ ဂုဏ်တော်တစ်ပါးက "အနုတ္တရော ပုရိသ ဒမ္မသာရထိ" ဂုဏ်တော်ပါ။

အနုတ္တရော ပုရိသ ဒမ္မသာရထိဆိုတဲ့ ဂုဏ်တော်ရဲ့ အနက်အဓိပ္ပာယ်ကို ကြည့်ရင် သောဘဂဝါ - ထိုရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်၊ ဣတိပိ ဣမိနာစ ကာရဏေန - ဆုံးမသင့်ရန် သတ္တဝါမှန်သော်၊ ခြောက်တန်လျှင်ခြောက်၊ မြှောက်တန်မြှောက်၍၊ အောက်အောက်ထက်ဂုဏ် ဆင့်ဆင့်စုံဖို့ ဖုံဖုံသင်ပေး၊ အစဉ်ဖေးလျက်၊ ယဉ်ကျေးလေအောင် သွေး

www.dhammadownload.com



ဆောင်ဆုံးမတော်မူတတ်တဲ့၊ ဤအကြောင်းကြောင့်လည်း အနုတ္တရော ပုရိသ ဒမ္မသာရထိ- အနုတ္တရော ပုရိသ ဒမ္မသာရထိဆိုတဲ့ ဂုဏ်တော်ကြီးနဲ့ အံ့ချီး၍မကုန် ပြဟ္မာ့ဘုံတိုင်အောင် ပျံ့လွှိုင်ကျော်ကြား ထင်ရှားတော်မူပါပေ၏လို့ နားလည်နိုင်ပါတယ်။

ဒါက ဘုရားရှင်ရဲ့ ထင်ရှားတော်မူတဲ့ ဂုဏ်တော်တစ်ပါးဖြစ်တဲ့ အနုတ္တရောပုရိသ ဒမ္မသာရထိ ဆိုတဲ့ ဂုဏ်တော်ရဲ့ အဓိပ္ပာယ်ပါ။ ဆိုဆုံးမတတ် ဆရာမြတ်ရဲ့ အရည်အချင်း အရည်အသွေးကို ညွှန်ပြထားတာပါ။

## ဆုံးမသင့်တဲ့ သတ္တဝါများ

ဆုံးမသင့်ရန် သတ္တဝါမှန်သော်တဲ့။ မြတ်စွာဘုရားက ဆုံးမသင့်တဲ့ သတ္တဝါများကို ဆုံးမတတ်တဲ့ မြတ်စွာဘုရားပါ။ ဘုရားရှင်သည် အဆုံးအမကို ပေးတဲ့သူ၊ နည်းလမ်းတကျ ဆုံးမတတ်သူလို့ ဒီဂုဏ်တော်အရ အဓိပ္ပာယ် ဖွင့်လို့ရပါတယ်။ မြတ်စွာဘုရားက ဘယ်သူ့ကို ဆုံးမပါသလဲ။ ဆုံးမသင့်သူကို ဆုံးမပါတယ်။

အချို့က လူကြီးသူမတွေ ဆရာတော် သံဃာတော်တွေကို တပည့်တော်တို့ကို ဆုံးမပါ၊ ကျွန်တော်ကျွန်မတို့ကို ဆုံးမပါလို့ လျှောက်ထားတတ်ကြပါတယ်။ အရှင်မဟာမောဂ္ဂလာန် အရှင်မြတ်က မိန့်ကြားဖူးပါတယ်။ ရဟန်းတစ်ပါးက အရှင်မြတ်တို့ တပည့်တော်ကို ဆိုဆုံးမပါ၊ တပည့်တော်သည် အရှင်ဘုရားတို့ ဆုံးမရမယ့်သူ ဖြစ်ပါတယ်လို့ ဖိတ်မန္တကပြုစေကာမူ ဆိုဆုံးမ

www.dhammadownload.com



ခက်သူ၊ ဆိုဆုံးမခက်အောင် ပြုတတ်သော တရားများ ရှိနေသူ၊ သည်းမခံတတ်သူ၊ ဆိုဆုံးမမှုကို လေးလေးစားစား မခံယူသူဖြစ်နေက ဆိုဆုံးမသင့်သူလို့ ယူဆကြမှာ မဟုတ်တဲ့အကြောင်း မိန့်ကြားခဲ့ပါတယ်။

www.dhammadownload.com

# ဆိုဆုံးမခက်အောင် ပြုသော တရားများ

ပြောဆိုဆုံးမရခက်တယ်ဆိုတာ ဆိုဆုံးမခက်အောင် ပြုတတ်တဲ့သဘောတရားတွေ ရှိနေလို့ပါ။

လူဖြစ်စေ၊ ရဟန်းဖြစ်စေ၊ ယောက်ျားဖြစ်စေ၊ မိန်းမဖြစ်စေ သူ့မှာ အလိုဆိုးတွေ ရှိနေမယ်၊ အလိုဆိုးနောက်ကို လိုက်နေမယ်၊ ကိုယ့်ကိုယ်ကိုယ် မြှင့်တင်ပြီး သူများကို နှိမ်ချမယ်၊ ဒေါသကြီးမယ်၊ ရန်ငြိုးဖွဲ့တတ်မယ်၊ ဒေါသဖြစ်လွယ်မယ်၊ ဒေါသစကားတွေ ပြောတတ်မယ်။

ကိုယ့်ကိုအပြစ်တင်လာရင် အပြစ်တင်သူကို ဆန့်ကျင်ဘက် ပြောတတ်မယ်၊ အပြစ်တင်သူကို ခြိမ်းခြောက်မောင်းမဲမယ်၊ ပြန်ပြီးအပြစ်ဖို့မယ်၊ အပြစ်ကို ဖုံးဖိပြီး စကားလွှဲမယ်၊ မေးတဲ့အခါ မဖြေဘဲနေမယ်။

ကျေးဇူးကန်းတတ်မယ်၊ ဂုဏ်ပြိုင်တတ်မယ်၊ မနာလို ဝန်တိုတတ်မယ်၊ ကောက်ကျစ်မယ်၊ လှည့်စားတတ်

www.dhammadownload.com



မယ်၊ ခက်ထန်မယ်၊ မာနကြီးမယ်၊ တစ်ယူသန်မယ် ဆိုတာတွေဟာ ဆုံးမခက်ကြောင်း တွေပါ။

ဒီသဘောမျိုးတွေရှိနေသူကို ဆုံးမဖို့ မလွယ်ပါဘူး။ ဆုံးမရလည်း ခက်ပါတယ်။ ဆုံးမသင့်သူလို့လည်း မယူဆကြတဲ့အတွက် အဆုံးအမ ပေးကြမှာ မဟုတ်ပါဘူး။

## ဆုံးမသင့်သူများ

တပည့်တော်တို့ကို ဆုံးမပါ။ ကျွန်တော် ကျွန်မတို့ကို ဆုံးမပါလို့ မလျှောက်ထားကြပေမဲ့ ဆုံးမလွယ်သူ၊ ဆိုဆုံးမလွယ်အောင် ပြုတတ်တဲ့ သဘောတရားတွေ ရှိနေသူ၊ သည်းခံတတ်သူ၊ အဆုံးအမကို လေးလေးစားစား ခံယူသူတွေကို လူကြီးသူမတွေ၊ ဆရာတော်သံဃာတော်တွေ၊ အတူနေသူတွေက ပြောဆိုဆုံးမကြမှာပါ။

ဆုံးမခက်ကြောင်းတွေ မရှိသူဟာ ဆုံးမလွယ်သူ ဖြစ်ပါလိမ့်မယ်။

လူဖြစ်စေ၊ ရဟန်းဖြစ်စေ၊ ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ သူ့မှာ အလိုဆိုးတွေ မရှိဘူး။ အလိုဆိုးနောက်ကို မလိုက်ပါဘူး။ ကိုယ့်ကိုယ်ကိုယ် မြှင့်တင်ပြီး သူများကို မနှိမ်ချဘူး။

ဒေါသမကြီးဘူး။ ရန်ငြိုးမဖွဲ့တတ်ဘူး။ အလွယ်တကူ ဒေါသမဖြစ်တတ်ဘူး။ ဒေါသစကားတွေမပြောတတ်ဘူး။ ကိုယ့်ကို အပြစ်တင်လာရင် အပြစ်တင်သူ

www.dhammadownload.com



ကို ဆန့်ကျင်ဘက်မပြောဘူး။ အပြစ်တင်သူကို မငြိမ်းခြောက်မမောင်းမဲဘူး။ ပြန်ပြီးအပြစ်မဖို့ဘူး။ အပြစ်ကိုဖုံးဖိပြီး စကားမလွှဲတတ်ဘူး။ မေးမြန်းတဲ့အခါ မဖြေဘဲမနေဘူး။ ကျေးဇူးမကန်းတတ်ဘူး။ ဂုဏ်မပြိုင်တတ်ဘူး။ မနာလို ဝန်တိုမရှိဘူး။ မကောက်ကျစ် မလှည့်စားတတ်ဘူး။ မခက်ထန်ဘူး။ မာန်မာနမကြီးဘူး၊ တစ်ယူသန်မရှိဘူးဆိုတာတွေဟာ ဆုံးမလွယ်ကြောင်းတွေပါ။

ဆုံးမလွယ်ကြောင်းတွေ ရှိသူတွေဟာ ဆုံးမသင့်သူတွေပါ။ ဆုံးမသင့်သူတွေသာ ဆုံးမတတ်သူတွေက ဆုံးမကြပါတယ်။

## ဆုံးမလာရင် ပြုပြင်

ဆုံးမတယ်ဆိုတာ ကိုယ့်ရဲ့အပြစ်အနာအဆာ ကိုယ့်ရဲ့ချို့ယွင်းချက်၊ အားနည်းချက်တွေကို ထောက်ပြပြုပြင်ပေးတာပါ။ ကိုယ်သတိမထားမိတာ ကိုယ်ဂရုမမူမိတာကို ပြုပြင်နိုင်အောင် သတိပေးတာလို့ ခံယူရပါမယ်။

ဝတ်စားပြင်ဆင် ဖီးလိမ်းနေတဲ့ မိန်းကလေးတစ်ယောက်ဟာ မှန်ထဲမှာကြည့်ပြီး အချိုးကျမကျ လှမလှကို သေသေချာချာ ကြည့်ရှုစစ်ဆေးကာ ပြုပြင်သလိုကိုယ့်အပြစ်ကိုပြပြီး တစ်စုံတစ်ယောက်က ဆုံးမလာရင်လည်း အမြန်ဆုံးပြုပြင်ရမှာပါ။ ချက်ချင်း မပြင်နိုင်ရင်တောင် အမြန်ဆုံးပြင်ရမှာပါ။

www.dhammadownload.com



သူများအပြစ်ကို မြင်လွယ်ပေမဲ့ ကိုယ့်အပြစ်ကို မြင်ဖို့ခက်လို့ အပြစ်ပြသူ ဆုံးမသူကို ကျေးဇူးတင်ရမှာပါ။

## နည်းလမ်းတကျ ဆုံးမ

ဆုံးမသင့်သူတွေကို ဆုံးမတဲ့နေရာမှာလည်း နည်းလမ်းအသွယ်သွယ် အသုံးပြုပြီးတော့ ဆုံးမတယ်လို့ အနုတ္တရော ပုရိသ ဒမ္မသာရထိဆိုတဲ့ ဂုဏ်တော်ကို နားလည်ရပါမယ်။

ဘုရားရှင်က ခြောက်တန်လျှင်ခြောက် မြှောက်တန်မြှောက်၍ အောက်အထက်ဂုဏ် ဆင့်ဆင့်စုံကို ဖုံဖုံသင်ပေး အစဉ်ဖေးလျက် ယဉ်ကျေးလေအောင် သွေးဆောင်ဆုံးမတော်မူတယ်။ ခြောက်တန်လျှင် ခြောက် မြှောက်တန် မြှောက်၍တဲ့ နိဂ္ဂဟနဲ့ ပဂ္ဂဟပါ။ ပဂ္ဂဟဆိုတာက ချီးမြှောက်ခြင်း၊ နိဂ္ဂဟ ဆိုတာက နှိပ်ကွပ်ခြင်းပါ။ လောကမှာ အရပ်သုံးစကားနဲ့ ပြောတော့ ဆုပေး ဒဏ်ပေး စနစ်ပါ။

တော်သူတွေ ချီးမြှောက်သင့်သူတွေကို အမွှမ်းတင်တယ်၊ ချီးမွမ်းတယ်။ အပြစ်ရှိသူတွေကျတော့ အပြစ်ပြပြီးတော့ ဆုံးမတယ်။ နည်းလမ်းနှစ်သွယ်ကို ဒီဂုဏ်တော်မှာ ဖော်ပြသော်လည်း ဆုံးမတဲ့ နည်းလမ်းသုံးမျိုးလို့ ပြောချင်ပါတယ်။

www.dhammadownload.com

# ပေသိဆိုတဲ့ မြင်းဆရာကြီး

တစ်ချိန်တုန်းက ဘုရားရှင်ထံကို ပေသိဆိုတဲ့ မြင်းဆရာကြီး ရောက်လာပါတယ်။ မြင်းဆရာကြီး ဆိုတာက မြင်းတွေကို ထိန်းကျောင်းပဲ့ပြင် ယဉ်ကျေး အောင်သင်ပေးတဲ့ မြင်းထိန်းပါ။

တောထဲက ကြမ်းတမ်းရိုင်းစိုင်းတဲ့ မြင်းရိုင်းတွေကို ဖမ်းဆီးရမိလာပြီဆိုရင် မြင်းထိန်းဆရာကြီး ပေသိရဲ့ လက်ကို အပ်ပြီးတော့ သင်ကြားပို့ချခိုင်းပါတယ်။ ထီးသုံး နန်းသုံး တော်ဝင်မြင်းတစ်ကောင် ဖြစ်လာဖို့ တတ်သင့် တတ်ထိုက်တဲ့ အတတ်ပညာတွေကို ပေသိက သင်ပေး ရပါတယ်။

သင်ကြားတတ်မြောက်လာတဲ့အခါမှာ အရင်က တောထဲမှာ ကြမ်းတမ်းရိုင်းစိုင်းနေတဲ့ မြင်းဟာ နန်း သုံး တော်ဝင်မြင်းတစ်ကောင် ဖြစ်သွားပါတယ်။ ပေသိ

www.dhammadownload.com



ရဲ့ ပညာက မြင်းတွေကို ယဉ်ကျေးအောင် သင်ပေးရ တဲ့ ပညာပါ။ နန်းသုံးတော်ဝင် မြင်းတွေရဲ့ဆရာပါ။

## တရားဟောနေတာမြင်

တစ်နေ့မှာ သူဟာ ဘုရားရှင်ရဲ့ကျောင်းကို ရောက် လာတဲ့အချိန်မှာ ဗုဒ္ဓမြတ်စွာက ပလ္လင်ပေါ်ကနေ တရား ဟောနေတဲ့အချိန်ပါ။ အောက်က တရားနာပရိသတ် တွေကို ကြည့်လိုက်တော့ တရားနာပရိသတ်တွေက ရဟန်းတော်တွေ အများစုပါ။ မြတ်စွာဘုရားရဲ့ တရား တော်တွေကို ကြည်ညိုစွာနဲ့ နာယူနေကြတယ်။ သံဃာ တော်တွေရဲ့ နောက်နားကတော့ ဒကာ ဒကာမတွေပါ ငြိမ်ငြိမ်သက်သက် တိတ်တိတ်ဆိတ်ဆိတ် အေးအေး ချမ်းချမ်းနဲ့ တရားနာနေကြပါတယ်။

ဒါကို မြင်တဲ့အခါမှာ ပေသိမြင်းဆရာကြီးက အံ့ လည်းအံ့သြတယ်။ ထူးလည်းထူးဆန်းနေတယ်။ ဒီမြင် ကွင်းမျိုးကို မမြင်ဖူးပါဘူး။ ဘုရားရှင်ရဲ့အပေါ်မှာ သိပ်ကို ရိုသေကြတာ၊ ကြည်ညိုကြတာကို သူ မမြင်ဘူးတော့ အထူးအဆန်းဖြစ်နေပါတယ်။ တရားပွဲပြီးချိန်မှာ ဗုဒ္ဓ မြတ်စွာကို ရှိခိုးကန်တော့ရင်းနဲ့ ပေသိက လျှောက်ထား ပါတယ်။

www.dhammadownload.com

# ထူးဆန်းအံ့သြ ချီးမွမ်း

မြတ်စွာဘုရား အံ့သြစရာကောင်းလိုက်တာ မြတ်စွာဘုရား၊ ဘုရားတပည့်တော်ရဲ့ တစ်သက်နဲ့ တစ်ကိုယ် ဒီလိုမြင်ကွင်းမျိုးကို တစ်ခါမှ မကြုံတွေ့ဖူးပါ မြတ်စွာဘုရား။ ထူးဆန်းလိုက်တာ မြတ်စွာဘုရား၊ ဘုရားတပည့်တော်က မြင်းတွေကို သင်ကြားပို့ချပေးနေတဲ့သူပါ။ မြင်းဆရာပါ မြတ်စွာဘုရား၊ မြတ်စွာဘုရားရှင်သည် လူသားများကို ဆုံးမတော်မူတဲ့ မြတ်စွာဘုရားပါ။

အခု မြတ်စွာဘုရားရှင်ရဲ့ အရှေ့မှာ ရှိသေစွာ လေးစားစွာနဲ့ တရားဓမ္မနာယူနေကြတဲ့ သူတွေသည် လူသားတွေပါ။ တပည့်တော်လည်း ဆရာပါပဲ၊ မြတ်စွာဘုရားလည်း ဆရာပါပဲတဲ့။ ပေသိက မြင်းဆရာ၊ မြတ်စွာဘုရားက လူတွေကို သင်ကြားပို့ချ ပေးနေတဲ့ ဆရာ။

www.dhammadownload.com



ဆရာ ဆရာချင်းဆိုတော့ သိတယ်။ ဘုရားတပည့်တော် ခန့်မှန်းသိရှိပါတယ် ဘုရားတဲ့။

## လူနဲ့ တိရစ္ဆာန် ဆုံးမရာမှာ

မြင်းဆိုတာ အဟိတ်တိရစ္ဆာန်ပါ။ လူတွေလောက် အသိဉာဏ်မရှိပါဘူး။ ဒါပေမဲ့ လူနဲ့ တိရစ္ဆာန် ဘယ်သူ့ကို ဆုံးမရတာ လွယ်မှာလဲ ဆိုတာကို စဉ်းစားကြည့်ပါ။ လူကို ဆုံးမရတာနဲ့ တိရစ္ဆာန်ကို ဆုံးမရတာ ဘယ်ဟာ လွယ်မလဲ။ အပေါ်ယံကြည့်ရင်တော့ လူကို ဆုံးမရတာ လွယ်တယ်လို့ ပြောကြပါလိမ့်မယ်။

ပေသိကတော့ မြတ်စွာဘုရား၊ တိရစ္ဆာန်တို့ မည်သည် ရိုးသားဖြောင့်မတ်ပါတယ်တဲ့။ တိရစ္ဆာန်ရဲ့ သဘောက အပြင်တစ်မျိုး၊ အတွင်းတစ်မျိုး မရှိဘူး၊ စိတ်ထဲရှိတဲ့ အတိုင်းပဲ ကြိုက်ရင် ကြိုက်တယ်၊ မကြိုက်ရင် မကြိုက်ဘူး။ တိရစ္ဆာန်ရဲ့ သဘောက သိသာထင်ရှားတယ်။

တောထဲကဖမ်းဆီးလာတဲ့ မြင်းတစ်ကောင်ကို တပည့်တော် မျို့တစ်ပတ်လောက် လှည့်ပတ်စီးကြည့်လိုက်တာနဲ့ မြင်းရဲ့အထာကို သိပါတယ်။ ဘာကို သဘောကျတယ်၊ ဘာကို သဘောမကျဘူး၊ သူတို့ကို ဘယ်လိုကိုင်တွယ်တာ နှစ်သက်တယ်၊ ဘယ်လိုကိုင်တွယ်တာကို မနှစ်သက်ဘူး၊ ဘယ်လိုဆက်ဆံတာကို ကျေနပ်တယ်၊ ဘယ်လိုဆက်ဆံတာကို မကျေနပ်ဘူး ဆိုတာကို တပည့်တော် မြို့တစ်ပတ်လောက် စီးကြည့်

www.dhammadownload.com



လိုက်တာနဲ့ သိပါတယ်။ တိရစ္ဆာန်အကြောင်းကို လေ့လာရတာ လွယ်ပါတယ်။

## လူတွေအကြောင်း သိဖို့မလွယ်

လူတွေအကြောင်းကျတော့ သိဖို့လွယ်မလွယ် စဉ်းစားသာကြည့်ပါ။ လူနဲ့တိရစ္ဆာန် မတူပါဘူး။ တိရစ္ဆာန်က အတွင်းတစ်မျိုး အပြင်တစ်မျိုး မရှိဘူး။ စိတ်ထဲရှိရင်ရှိတဲ့အတိုင်းပွင့်လင်းသိသာပါတယ်။ လူကျတော့စိတ်ထဲရှိတာက တစ်မျိုး၊ အပြင် ပုံသဏ္ဍာန်က တစ်မျိုးဖြစ်ရင်ဖြစ်နေတတ်ပါတယ်။

စိတ်ထဲက မကျေနပ်ပေမဲ့လို့ မျက်နှာက ပြုံးနေတာမျိုး၊ စိတ်ထဲက ကျေနပ်နှစ်သက်နေပေမဲ့လည်း မျက်နှာက ရှုံ့မဲ့ပြီးတော့ မကျေနပ်တဲ့ အမူအရာ ရှိနေတာမျိုး မဖြစ်နိုင်ဘူးလား။ ဖြစ်နိုင်တယ်။ ရှိတဲ့ အပြစ်အနာအဆာကို တတ်နိုင်သလောက် ဖုံးကွယ်ပြီး မရှိတဲ့ ဂုဏ်ကို အရှိလုပ်နေပြတတ်ကြပါတယ်။ စိန်ကဲ ကျောက်ကဲထက် လူကဲခတ်ရတာ ခက်လှပါတယ်။

## တိရစ္ဆာန်ကို ဆုံးမရတာလွယ်

တိရစ္ဆာန်တွေက ဟန်မဆောင်တတ်ဘူး၊ လူတွေက ဟန်ဆောင်တတ်တယ်။ တိရစ္ဆာန်တွေက မလိမ်တတ်ဘူး၊ လူတွေက လိမ်ညာတတ်တယ်။ တိရစ္ဆာန်တွေက မာယာပရိယာယ်မရှိဘူး၊ လူတွေက မာယာပရိယာယ် များတတ်တယ်။ အဲဒီတော့ ဘယ်သူ့ကို

www.dhammadownload.com



ဆုံးမရတာ လွယ်သလဲ။ တိရစ္ဆာန်ကို ဆုံးမရတာ လွယ်တယ်ဆိုတာ သဘောပေါက်သွားပြီ။ လူကို ဆုံးမရတာထက်စာရင် တိရစ္ဆာန်ကို ဆုံးမရတာက လွယ်သေးတယ်။

အဲဒါကို ပေသိက နှိုင်းယှဉ်ကြည့်နေတာပါ။ မြတ်စွာဘုရား၊ တပည့်တော်သည် တိရစ္ဆာန်များကို ဆုံးမသူပါ မြတ်စွာဘုရား။ တိရစ္ဆာန်တွေကို ဆုံးမရတာက လွယ်ကူပါတယ်။ အသိဉာဏ်ရှိသူလူတွေကို ဆုံးမရတာက ပိုခက်ခဲပါတယ်လို့ တပည့်တော် ထင်မြင်ယူဆပါတယ် မြတ်စွာဘုရား။

## ဘုရားရှင်ရဲ့ ဆုံးမနိုင်စွမ်း

အခု ဘုရားရှင်ရဲ့ပရိသတ်ကို ကြည့်လိုက်ရင် သိပ်ကို လိမ္မာကြ၊ ယဉ်ကျေးကြတာ တွေ့ရပါတယ်။ မြတ်စွာဘုရား၊ ဘုရားအဆုံးအမကို ရရှိခံယူနေတဲ့သူတွေ၊ မြတ်စွာဘုရားဆုံးမတာကို လိုက်နာကျင့်သုံးနေတဲ့သူတွေဟာ ဘုရားရှင်အပေါ်မှာ သိပ်ရိုသေကြလေးစားကြတာကို တပည့်တော်တွေ့ရပါတယ်။ မြတ်စွာဘုရား။ အဲဒီတော့ ဘုရားရှင်ရဲ့ ဆုံးမနိုင်စွမ်းကို တပည့်တော် သိပ်ကြည်ညိုပါတယ်။

ပေသိက ဆရာဆရာချင်းမို့ သဘောပေါက်တယ်။ မြွေမြွေချင်း ခြေမြင်တယ်။ သူ့ထက်ကို မြတ်စွာဘုရားရှင်က အစွမ်းသတ္တိတွေ အများကြီးရှိတယ် ဆိုတာကို သိလို့ ကြည်ညိုတယ်။ သူ ဉာဏ်မီသလောက်နဲ့ နှိုင်းယှဉ်ပြီး ဘုရားရှင်ကို ကြည်ညိုနေပါတယ်။

www.dhammadownload.com

# မြင်းဆရာကြီးရဲ့ ဆုံးမနည်း

ပေသိတဲ့၊ သင့်မြင်းတွေကို သင် ဘယ်လိုများ ဆုံးမသလဲလို့ ဘုရားရှင်က မေးတယ်။

မြတ်စွာဘုရား တချို့မြင်းတွေက ဆုံးမရတာ လွယ်ပါတယ် မြတ်စွာဘုရား။ ချော့ပြီးတော့ ဆုံးမတာကို ကျေနပ်တဲ့ မြင်းတွေလည်း ရှိပါတယ်။ ဆုံးမရတာ သိပ်လွယ်ပါတယ်။ ချော့မော့ပြောလိုက်တာနဲ့ သင်ယူရမှာတွေကို ကောင်းကောင်းမွန်မွန် သင်ယူပြီးတော့ လိမ္မာယဉ်ကျေးသွားတာတွေ ရှိပါတယ် မြတ်စွာဘုရား။

ဘုရားတပည့်တော်ရဲ့ မြင်းတွေမှာ တချို့ကျတော့ ဆုံးမရခက်ပါတယ် ဘုရား။ ဆုံးမရခက်တဲ့ မြင်းတွေကျတော့ ရိုက်နက်ပြီးတော့ ဆုံးမလိုက်တဲ့အချိန်မှာ၊ နာနာကျင်ကျင်လေး ထိခိုက်သွားအောင် ရိုက်လိုက် နက်လိုက်တဲ့အချိန်မှာ သူတို့က တပည့်တော်ရဲ့စကားကို

www.dhammadownload.com



မပယ်လှန်တော့ဘဲနဲ့ နားထောင်သွားတာလည်း ရှိပါတယ် မြတ်စွာဘုရား။

ချော့ကာလည်း ဆုံးမတယ်၊ ခြောက်ကာလည်း ဆုံးမတယ်။ တစ်ခုတော့ရှိပါတယ် မြတ်စွာဘုရား၊ တပည့်တော် ချော့တစ်ခါ ခြောက်တစ်လှည့် ဆုံးမလို့မှ မရတဲ့ မြင်းတွေကိုတော့ သတ်စားလိုက်ပါတယ် ဘုရား။ သင်ပေးလို့ မရတဲ့ မြင်းတွေကိုကျတော့ ဘာလုပ်လိုက်သလဲဆိုရင် ပေသီကတော့ ရှင်းတယ် နာမည်ပျက် မခံဘူး၊ သတ်စားလိုက်တယ်တဲ့။

## သူ့တပည့်မှန်သမျှ ယဉ်ရမယ်

သူ့လက်က ထွက်လာတဲ့ မြင်းမှန်သမျှ၊ သူ သင်ပေးလိုက်တဲ့ မြင်းမှန်သမျှသည် ထီးသုံး နန်းသုံး တော်ဝင်မြင်းတွေ အားလုံးဖြစ်ရမယ်။ ချော့ပြီးတော့ ဆုံးမလို့ ရရင်ရ၊ ချော့ဆုံးမလို့ မရရင် ခြောက်ပြီးတော့ ဆုံးမမယ်၊ ခြောက်ပြီးတော့ ဆုံးမလို့ ရရင်ရ၊ ချော့လည်း မရ ခြောက်လည်းမရဆိုရင် ဘာလုပ်လိုက်သလဲ ဆိုတော့ သတ်စားလိုက်တယ်။

မြင်းဆိုး မြင်းမိုက်တွေ သူ့လက်က ထွက်လာတယ်ဆိုတာမျိုး ရှိကိုမရှိစေရဘူး။ မြင်းဆရာကြီး ပေသိက နည်းသုံးနည်းနဲ့ ဆုံးမပါတယ်။ သူ့တပည့် မြင်းသမျှကိုလည်း ယဉ်လှပါပေတယ်လို့ ချီးမွမ်းကြရပါတယ်။

www.dhammadownload.com

# မြတ်ဘုရား၏ ဆုံးမနည်း

အဲဒီတော့ သူက မြတ်စွာဘုရားကို တစ်ခါ ပြန်မေးလျှောက်တယ်။ မြတ်စွာဘုရား၊ ဘုရားရှင်သည်လည်း သံဃာတွေကို ဆုံးမပါတယ်။ ဒကာ၊ ဒကာမ ပရိသတ်တွေကိုလည်း ဆုံးမတော်မူပါတယ်။

မြတ်စွာဘုရားရဲ့ တပည့်တွေမှာ ရဟန်းပရိသတ် လူပရိသတ်စုံလင်ပါတယ်။ သူဌေးသူကြွယ်တွေလည်း ပါဝင်ပါတယ်။ ဂုဏ်သရေရှိသူတွေလည်း ပါဝင်ပါတယ်။ ဆင်းရဲချမ်းသာ အလွှာမျိုးစုံ၊ လူတန်းစားပေါင်းစုံက မြတ်ဗုဒ္ဓရဲ့တရားတွေကို နာယူကြ ခံယူကြတာကို တွေ့ရပါတယ်။ ဘုရားရှင်ကရော တပည့်တွေကို ဘယ်လိုများ ဆုံးမတော်မူပါသလဲ မြတ်စွာဘုရားတဲ့။

ဘယ်လိုများ ဆုံးမပါသလဲဆိုတော့ ပေသိတဲ့။ ငါကလည်း ချော့မော့ပြီးတော့ ဆုံးမလို့ ရသူကို ချော့မော့ပြီးတော့ ဆုံးမပါတယ်။ ခြိမ်းခြောက်ဆုံးမမှ ရမယ့်

www.dhammadownload.com



သူကို ခြိမ်းခြောက်ကာ ဆုံးမပါတယ်။ ချော့မရ ခြောက်မရတဲ့သူတွေကို ငါလည်း သတ်စားလိုက်ပါတယ်တဲ့။ ပေသီ အံ့ဩသွားတယ်။ မြင်းတွေ သူ သတ်စားတာ တော့ ဟုတ်ပြီပေါ့။ မြတ်စွာဘုရားက တပည့်တွေကို ဆုံးမလို့ မရဘူးဆိုရင် သတ်စားလိုက်တယ်ဆိုတော့၊ ဘယ်လိုများလဲပေါ့။

## သတ်စားလိုက်တယ်ဆိုတာ

မြတ်စွာဘုရားရှင် သတ်စားလိုက်တယ်ဆိုတာက ဆုံးမလို့မရတဲ့သူကို လျစ်လျူရှုထားလိုက်တာပါ။ မဆုံးမ တော့ဘူး။ ပြောဆိုဆုံးမလို့ ရမယ့်သူတွေကို နည်းလမ်း မျိုးစုံနဲ့ ဆုံးမတယ်။ ဆုံးမလို့ မရတဲ့အဆုံး ဘာမှကို မဆုံးမတော့တာဟာ သတ်စားလိုက်တာပါ။

ဘုရားရှင်ရဲ့အဆုံးအမသည် သာသနာပါ။ မြတ်စွာ ဘုရား သာသနာ။ မြတ်စွာဘုရား သာသနာဆိုတာ မြတ်စွာဘုရားရဲ့ အဆုံးအမပါ။ ဘုရားရှင်ရဲ့ အဆုံးအမ မှာ နည်းလမ်းမျိုးစုံနဲ့ တွေ့ရလိမ့်မယ်။ ဘုရားမြတ်စွာ ဆုံးမတဲ့နည်းသည် ချော့တဲ့နည်း၊ ခြောက်တဲ့နည်း၊ လျစ်လျူရှုပြီးတော့ သတ်စားလိုက်တဲ့နည်း ဆိုပြီးတော့ သုံးမျိုးပြောမှ ပြည့်စုံလိမ့်မယ်။

www.dhammadownload.com

## ဆရာတွေ အတုယူ

ဒါကို ဆရာလုပ်တဲ့သူတွေ အတုယူရမယ်။ ဆရာသမားဖြစ်တဲ့သူတွေမှာ ဆုံးမစရာ တပည့်ဆိုတာ ရှိလာပါပြီ။ လက်ဦးဆရာဆိုတဲ့ မိဘတွေမှာလည်း ဆုံးမရမယ့်သားသမီးတွေ ရှိကြပါတယ်။ ဆုံးမရတဲ့ ရည်ရွယ်ချက်က ဘာအတွက်လဲဆိုရင် လိမ္မာယဉ်ကျေးအောင် ဆုံးမတာပါ။

မြတ်စွာဘုရားက သတ္တဝါတွေကို ဆုံးမတယ်၊ ဆုံးမတယ်ဆိုတာ ယဉ်ကျေးအောင်၊ လိမ္မာအောင် ဆုံးမပေးတာပါ။ အဆုံးအမ မရတဲ့ သူတွေသည် ကြမ်းတမ်းတယ်၊ ရိုင်းစိုင်းတယ်။ ခုနက ပေသီရဲ့ မြင်းတွေကိုပဲ ကြည့်ပါ။ ပေသီရဲ့မြင်းတွေဟာ အဆုံးအမတွေကို မရခင်တုန်းက မြင်းရိုင်းတွေ မြင်းကြမ်းတွေပါ။ တောထဲမှာ နေချင်သလိုနေ၊ သွားချင်ရာသွား၊ ဘာမှအသုံးမကျ အသုံးမဝင်တဲ့ မြင်းတွေ ဖြစ်နေကြပါတယ်။

www.dhammadownload.com



ကြွန်အင်လက္ခဏာတွေ ဘယ်လိုပဲပြည့်စုံပြည့်စုံ အလုံးအထည်၊အရုပ်အမောင်း၊ဘယ်လိုကောင်းကောင်း အသွေးအရောင်တွေ ဘယ်လောက်လှလှ စည်းကမ်း မရှိဘူး။ အဆုံးအမကို မနာခံဘူးဆိုရင် ထီးသုံးနန်းသုံး တော်ဝင်မြင်းတွေ ဖြစ်မလာနိုင်ပါဘူး။

## လိမ္မာယဉ်ကျေးသွားရင်

ဆရာကြီးပေသိ ဆုံးမလိုက်လို့ ယဉ်ကျေးသွားရင် မြင်းတွေဟာ သိပ်ကို တန်ဖိုးရှိသွားပါတယ်။ မြတ်စွာ ဘုရားရှင်ကလည်း ဝေနေယျသတ္တဝါတွေကို ဆုံးမပါ တယ်။ ဘုရားရှင်ရဲ့ အဆုံးအမတွေကို ရရှိလို့ လိမ္မာယဉ် ကျေးရင်လည်း သိပ်ကို တန်ဖိုးရှိသွားပါတယ်။ အဆုံး အမ ဩဝါဒဆိုတာသည် တန်ဖိုးရှိတဲ့ ရတနာပါ။

ဆရာတွေဆုံးမပေးလို့တပည့်တွေ လိမ္မာယဉ်ကျေး ရင် တန်ဖိုးရှိတဲ့ တပည့်တွေ ဖြစ်လာပါတယ်။ မိဘတွေ ဆုံးမပေးလို့ သားသမီးတွေ လိမ္မာယဉ်ကျေးရင် တန်ဖိုး ရှိတဲ့ သားသမီးတွေ ဖြစ်လာပါတယ်။

www.dhammadownload.com

# ဆုံးမဩဝါဒ မလိုက်နာရင်

နောင်တဆယ်ပါးမှာ တစ်ချက်က ဆုံးမဩဝါဒကို မလိုက်နာရင် နောင်တစ်ချိန်မှာ နောင်တရတတ်တာပါ။ နောင်တစ်ချိန်မှာ နောင်တမရအောင် ငယ်စဉ်ကလေးဘဝထဲက အဆုံးအမတရားတွေကို ဟောပေးချင်တာပါ။ ကလေးတရားစခန်း တရားပွဲမှာ ကလေးတွေကို ဟောချင်လို့၊ ဒီတရားလေး ရွေးထားတာပါ။ ဒါပေမဲ့ လူကြီးတွေလည်း ယူတတ်ရင်တော့ ရပါလိမ့်မယ်၊ သက်ဆိုင်ပါလိမ့်မယ်။

အဆုံးအမဩဝါဒကို မလိုက်နာရင် နောင်တစ်ချိန်မှာ နောင်တရပါလိမ့်မယ်။ မိဘစကား နားမထောင်တဲ့သူတွေ ဆရာသမားစကား နားမထောင်တဲ့သူတွေ ကြီးသူတို့ရဲ့ ဆုံးမစကား အလေးမထားသူတွေဟာ ပျက်စီးခြင်း၊ ဆင်းရဲခြင်း ရှုံးနိမ့်ခြင်းတွေကိုသာ ရသွားကြတာ

www.dhammadownload.com



အထင်အရှားမို့ ထပ်ချဲ့ပြီး ပြောစရာတောင် မလိုတော့ပါဘူး။

## ဘယ်သူ့အတွက်လဲ

အဆုံးအမသည် တန်ဖိုးရှိတဲ့ ရတနာပါ။ ဆုံးမနေတယ်ဆိုတာသည် ကိုယ့်ကို ရတနာတွေ ပေးနေတာပါ။ ဆုံးမသူနဲ့ ဆုံးမခံရသူ နှစ်ဦးမှာ ဆုံးမတယ်ဆိုတာသည် ဆုံးမသူအတွက်လား၊ ဆုံးမခံရသူအတွက်လား၊ ဆုံးမခံရသူအတွက်ပါ။

မိဘနှင့် သားသမီးမှာ မိဘက ဆုံးမသူ၊ သားသမီးက အဆုံးအမ ခံယူရမယ့်သူပါ။ မိဘက သားသမီးကို ဆုံးမတာဟာ သူ့အတွက်လား၊ သားသမီး အတွက်လား ဆိုရင် သားသမီးအတွက်ပါ။ ဆရာနဲ့ တပည့် ဆက်ဆံရေးမှာ ဆရာက တပည့်ကို ဆုံးမတယ်ဆိုတာလည်း တပည့်အတွက်ပါ။ အဲဒီလို သဘောပေါက်ရပါမယ်။ အဆုံးအမသည် ကိုယ့်အတွက်။ ဘာလို့ ဆုံးမနေရသလဲဆိုရင် မှားတတ်လို့ကို ဆုံးမရတာပါ။ ဆုံးမပေးတယ်၊ ဆုံးမပေးတယ်ဆိုတာ မှားမှာစိုးလို့ ဆုံးမနေရတာပါ။

www.dhammadownload.com

# မှားတတ်သော သဘာဝ

လူ့သဘာဝကိုက တရားဓမ္မတွေ မသိမမြင်သေးတဲ့အချိန်မှာ မှားယွင်းစရာအကြောင်း အချက်တွေ ရှိနေကြပါတယ်။

ပုထုဇဉ်ဆိုတာ အမှားမကင်းပါဘူး။ အနည်းဆုံးပုထုဇဉ်တွေမှာ အမှားသုံးမျိုးတော့ သိသိသာသာ ထင်ထင်ရှားရှားရှိပါတယ်။ မှားစရာအကြောင်းတွေ နိုင်နိုင်လုံလုံ ရှိပါတယ်။ လောဘကြောင့်လည်း မှားတယ်။ ဒေါသကြောင့်လည်း မှားတယ်။ မောဟကြောင့်လည်း မှားပါတယ်။ မှားသွားတယ်၊ မှားသွားတယ်ဆိုတာ အကြောင်းတရား သုံးမျိုးကြောင့်ပါ။

မှားတာဟာ အပြစ်မဟုတ်ပေမဲ့ မှားမှန်းသိလျက် အမှန်မပြင်တာက ကြီးမားတဲ့အပြစ်ပါ။ ထောက်ပြပြုပြင်သူ မရှိလို့ မှားပြီးရင်းမှား မှားပြီးရင်း မှားပြန်ရင်လည်း

www.dhammadownload.com



အများသံသရာက ထွက်နိုင်တော့မှာ မဟုတ်ပါဘူး။ ကိုယ့်အများကို သိမြင်သူကို ကိုယ့်ဆရာလို့ ခံယူပြုပြင်နိုင်ပါမှ တစ်စတစ်စ အများအယွင်း နည်းပါးသွားပါလိမ့်မယ်။

## လောဘလွှမ်းထား ယွင်းမှား

လောဘဖုံးလာရင် လောဘဖုံးလွှမ်းခံရတဲ့သူဟာ မှားယွင်းတဲ့ဘက်ကို ရောက်သွားတယ်။ ဘာကြောင့် မှားလဲဆိုရင် လောဘကြောင့် မှားတာပါ။ လိုချင်မှု လောဘတွေ သိပ်ကို လွှမ်းမိုးလာပြီ၊ ဖိစီးလာပြီဆိုရင် လည်း လောဘ ဖုံးလွှမ်းခံရတဲ့သူ ယွင်းမှားတတ်ပါတယ်။

ဘယ်လောက်မှန်တဲ့သူဖြစ်ဖြစ် လောဘနောက်လိုက်ရင် မှားမှာပါပဲ။ ဘယ်လိုပဲ ဖြောင့်မတ်တဲ့သူ ဖြစ်ပါစေ လောဘနောက်ကို လိုက်သွားရင် ကွေ့ကောက်သွားတယ်။ ဘယ်လောက်ရိုးသားတဲ့လူဖြစ်ဖြစ် လောဘကို မလွန်ဆန်နိုင်ရင် မရိုးသားခြင်းတွေ ရှိလာတယ်။ လောဘကြောင့် မှားတယ်။ လိုချင်မှုတွေ ရှိကြတဲ့ လောကမှာ လောဘသည် မှားနိုင်ချေ အရှိဆုံးပါ။

လောဘကြောင့် တချို့ မလုပ်သင့်တာလုပ်၊ မပြောသင့်တာတွေပြော၊ မကြံစည်သင့်တာတွေကို ကြံစည်တယ်။ လောဘဖုံးလွှမ်းလို့ ကိုယ့်အသက်အရွယ်၊ ကိုယ့်သိက္ခာ၊ ကိုယ့်ဂုဏ်တောင်မှ မငဲ့နိုင်ဘဲနဲ့ ဖောက်ပြန်မှားယွင်းကြတယ်။ မထင်မှတ်စရာ အံ့ဩ

www.dhammadownload.com



စရာတွေ ဖြစ်သွားကြတယ်။ အဲဒီလို လောဘတွေ သိပ်လွှမ်းမိုးရင်လည်း မှားတတ်လို့ ဆုံးမပေးတဲ့ အဆုံးအမကို ခံယူရတယ်။

နောက်တစ်ချက် ဘာကြောင့်မှားကြသလဲလို့ ဘုရားဟောဒေသနာအရ ကြည့်လိုက်ရင် အဖြေက ရှိးရှိးလေးပဲ။ ဒေါသလွှမ်းရင်လည်း မှားတတ်တယ်။ လောဘတရားလွှမ်းမိုးလာရင်လည်း အမှားအယွင်းတွေ ဖြစ်လာတတ်တယ်။ အပြောအဆိုတွေ မှားလာတယ်၊ အလုပ်အကိုင်တွေ မှားလာတယ်၊ အကြံအစည်တွေ မှားယွင်းလာတယ်။

www.dhammadownload.com

# သတိထားနိုင်ပါမှ

တခြားသူကို မကြည့်ဘူး၊ ဘုန်းကြီး ကိုယ့်ကိုယ်ကိုယ်ပဲ ပြန်ကြည့်တယ်။ ငယ်ငယ်တုန်းက ဒေါသဖြစ်ရင် ထစ်ခနဲဆို မထိန်းနိုင်ဘူး၊ အဲဒီဒေါသကြောင့် နောင်မှ နောင်တရတာတွေ ရှိတယ်။ စိတ်မကောင်း ဖြစ်ရတာတွေ ရှိပါတယ်။

ငါ မပြောလိုက်ရင် ကောင်းသား၊ ဒေါသနဲ့ ငါ ပြောလိုက်တာတွေ မှားသွားတယ်။ ငါမလုပ်လိုက်ရင် ကောင်းသား၊ ဒေါသအလျောက် ငါလုပ်လိုက်တာတွေ မှားသွားတယ်၊ မလုပ်လိုက်မိရင် ကောင်းသားဆိုပြီး တော့ အကြိမ်ကြိမ် သတိထားဆင်ခြင်မိတဲ့ အခါကျတော့ အမှားကို နားလည်လာတယ်။

တဖြည်းဖြည်းနဲ့ ဒေါသကို ထိန်းတဲ့အကျင့် လုပ်လာတယ်။ အခု ဒေါသကို တစ်ချက်တည်း လွှတ်မပေးတော့ဘူး။ ခု ဒေါသဖြစ်တယ်ပေါ့၊ ကိစ္စ တစ်စုံတစ်ခု

www.dhammadownload.com



အကြောင်းအရာတစ်ခုခု ပြဿနာတစ်ခုခုကို ရှင်းရတော့မယ်၊ ကိုယ့်ဘက်ကလည်း မှန်နေတယ်။ မှန်တော့မှန်တယ်၊ သို့ပေမဲ့ သူ့လုပ်ရပ်ကို ကိုယ်က မကျေနပ်ဘူး၊ ဘာဖြစ်လဲ၊ သူကမှားတဲ့သူ၊ ကိုယ်က မှန်တဲ့သူ။ မှန်တဲ့သူ ဖြစ်ပင်ဖြစ်သော်လည်းပဲ ဒေါသကို ရှေ့တန်းတင်မိရင် ဘာဖြစ်သွားမလဲ၊ အမှားဘက်ကို ကိုယ်က ရောက်ရောက်သွားတယ်။

## ဒေါသဖြစ်နေချိန်မှာ

အဲဒါလေးကို ဘုန်းကြီးက သတိထားမိလိုက်တော့ ချက်ချင်း အဲဒီပြဿနာတွေ အဲဒီကိစ္စတွေ မရှင်းဘူး။ ဒေါသဖြစ်နေချိန်မှာ အရေးကြီးတဲ့ကိစ္စ၊ အရေးကြီးတဲ့ အကြောင်းအရာ၊ အရေးကြီးတဲ့ ပြဿနာတွေ မဖြေရှင်းဘူး။

နောက်တစ်နာရီမှ၊ နောက်နေ့မှ နောက်တစ်ရက်မှ အချိန်ရွှေ့လိုက်တယ်၊ ဆိုင်းလိုက်တယ်။ အဲဒီအခါကျတော့ စောစောကဖြစ်နေတဲ့ ဒေါသအရှိန် လျှော့သွားတယ်။ ဖြစ်ဖြစ်ချင်းသာ ဒေါသကို လွှတ်ပေးလိုက်မိရင် ကိုယ့်အမှန်ကနေ အမှားဖြစ်သွားမယ်။

ဒေါသအရှိန်လျှော့သွားတဲ့အခါ ပြန်စဉ်းစားလို့ရလာတယ်။ ပီပီပြင်ပြင် ပြန်မြင်လာတယ်၊ ဪ သူက ဒီလိုမှားတာ၊ ငါ့ဘက်က ဒါက မှန်တာ။ အဲဒီတော့ သူ ဘယ်လိုမှားတယ်ဆိုတာကို ငါ ဘယ်လိုပြောမှ ဖြစ်မယ်၊ သူမှားတယ်ဆိုတာကို လက်ခံသွားအောင် ငါ ဘယ်လို

www.dhammadownload.com



ပြောမှ ဖြစ်မယ်၊ ဘယ်လိုဖြေရှင်းမှ ဖြစ်မယ်လို့ အဖြေ တွေ့မှ ဘုန်းကြီးက အဲဒီပြဿနာတွေကို ဖြေရှင်းတယ်။ တော်တော်လေး အဆင်ပြေသွားတယ်။

ကိုယ်မှန်တယ် ထင်ထားပေမဲ့ သူပြောတာကို ခေါင်းအေးအေးထား အထပ်ထပ် ပြန်စဉ်းစားလို့ ကိုယ် မှားမှန်းကို ပြန်သိရတာတွေ ရှိလာတယ်။ စောစော တုန်းက ဒေါသမထိန်းနိုင်ခင်ကနဲ့စာရင် အမှားတွေ အများကြီး သက်သာသွားတယ်။

လူ့သဘာဝက သူ့သူ့ကိုယ်ကိုယ် ဒေါသလွှမ်းရင် လည်း မှားတတ်လို့ မှားမှာစိုးလို့ကို ဆုံးမနေရတယ်။ မှားသွားတဲ့ အချိန်ခါမှာလည်း ဆုံးမရတယ်။

www.dhammadownload.com

# ကိုယ့်ကိုယ်ကိုယ် အရင်ဆုံးမ

ဆုံးမတယ်ဆိုတာ နှစ်မျိုးရှိပါတယ်။ ကိုယ့်ကိုယ်ကိုယ် ဆုံးမတာက တစ်မျိုး၊ သူများကို ဆုံးမတာက တစ်မျိုးပါ။ တကယ်လုပ်သင့်တာက သူများကို ဆုံးမရမှာလား၊ ကိုယ့်ကိုယ်ကိုယ် ဆုံးမရမှာလားဆိုရင် ကိုယ့်ကိုယ်ကိုယ် အရင်ဆုံး ဆုံးမရမှာပါ။ ကိုယ့်ကိုယ်ကိုယ် ဆုံးမလို့ လိမ္မာယဉ်ကျေးမှ သူများကို ဆုံးမတာသည် အကောင်းဆုံးသော ဆုံးမနည်းပါ။

ကိုယ်က သူများကိုတော့ ဆုံးမနေတယ်။ ကိုယ့်ကိုယ်ကိုယ် မဆုံးမဘူးဆိုရင် အဆုံးအမကောင်းတဲ့သူ မဖြစ်သေးဘူး။ သူ့အတွက်တော့ ကောင်းရင်ကောင်း လိမ့်မယ်ပေါ့။ ကိုယ့်အတွက် မကောင်းသေးဘူး။ သူများ အတွက်ကောင်းပေမဲ့ ကိုယ်က မကောင်းသေးဘူး။ တကယ်ဆုံးမရမှာသည် ကိုယ့်ကိုယ်ကိုယ်ပါ။ ကိုယ့်မှာ လည်း လောဘရှိတယ်၊ ကိုယ့်မှာလည်း ဒေါသရှိတယ်၊

www.dhammadownload.com



ကိုယ့်မှာလည်း မောဟရှိတယ်။ ဒါတွေ ပယ်နိုင်ဖို့ အရင်ဆုံးမရမယ်။

## ဘုရားရှင် ဆုံးမတယ်ဆိုတာ

မြတ်စွာဘုရားရှင် ဆုံးမတယ်ဆိုတာ ကိုယ်တိုင်က မှားယွင်းစေတဲ့ ကိလေသာတွေကို အရင်ဆုံး ပယ်ဖျောက်ပြီးတော့မှ ဝေနေယျသတ္တဝါတွေကို ဆုံးမတာပါ။ သတ္တဝါတွေကလည်းပဲ စရိုက်အမျိုးမျိုး အကြိုက်အမျိုးမျိုးဆိုတော့ ကျားကျားမီးယပ်ဆိုပြီး တစ်နည်းတစ်လမ်းတည်း သုံးလို့မရဘူး။ ဒီတော့ ချော့သင့်တဲ့ သူကို ချော့၊ ခြောက်သင့်တဲ့သူကို ခြောက်၊ ချီးမွမ်းသင့်သူကို ချီးမွမ်း၊ ကဲ့ရဲ့သင့်တဲ့သူကို ကဲ့ရဲ့ရပါတယ်။

သဘောကျသူကျတော့ ချီးမွမ်းပြီး သဘောမကျသူကျတော့ ကဲ့ရဲ့တယ်။ ဒီလိုမဟုတ်ဘူး။ ကဲ့ရဲ့သင့်တဲ့သူကို ကဲ့ရဲ့မှ၊ ချီးမွမ်းသင့်တဲ့သူကို ချီးမွမ်းမှ စနစ်ကျတယ်။ ကဲ့ရဲ့သင့်တဲ့သူကို မကဲ့ရဲ့ရင် သူလုပ်တာကို အဟုတ်ကြီးထင်ပြီး ဆက်မှားနေပါလိမ့်မယ်။ ချီးမွမ်းသင့်တဲ့သူကို မချီးမွမ်းရင် ကြိုးစားချင်စိတ်တွေ ပျောက်ပြီး စိတ်ပျက်သွားပါလိမ့်မယ်။

နသင့်သူကို န၊ ကြမ်းသင့်သူကို ကြမ်းပါမှ သူ့အလို သူ့အကြိုက် သူ့စရိုက်နဲ့ တိုက်ဆိုင်ပြီး အဆုံးအမကို ခံယူပါလိမ့်မယ်။ အချော့ကြိုက်သူကို ကြမ်းလို့မရသလို ကြမ်းမှရမယ့်သူကို ချော့နေလို့ မရပါဘူး။

www.dhammadownload.com



ဆုံးမသူက အကြိုက်ကိုလည်း ကြည့်တတ် စရိုက်ကိုလည်း သိတတ်ရင် ပိုပြီးအောင်မြင်ပါတယ်။

အနုနည်းလည်းမရ၊ အကြမ်းနည်းလည်းမရ၊ ကဲ့ရဲ့လို့လည်း လက်မခံဘူး၊ ချီးမွမ်းလို့လည်း လက်မခံဘူးဆိုရင် ခုနက ပေသီမြင်းဆရာကြီးလိုပဲ ဘာလုပ်လိုက်ရလဲဆိုရင် သတ်စားလိုက်ရတယ်။ သတ်စားလိုက်ရတယ်ဆိုတာ အဆုံးအမ ပေးကိုမပေးတော့ တာပါ။

အဆုံးအမကို မရတော့ရင် သွားပြီ။ သူ့ဘဝ တစ်လျှောက်လုံးမှာ အဆုံးအမ မရတဲ့ သူသည် ဘယ်တော့မှ ကောင်းတဲ့သူ ဖြစ်မလာတော့ဘူး။ အဆုံးအမသည် ရတနာဆိုတော့ ရတနာမရတဲ့သူသည် ဆင်းရဲ မွဲတေနေမှာပဲ၊ ဒုက္ခရောက်နေမှာပါပဲ။

www.dhammadownload.com

# မောဟလွှမ်းထား ယှဉ်းမှား

များစရာ နောက်တစ်ချက် ဆက်ကြည့်လိုက်ပါ။ လောဘကြောင့် များတယ်၊ ဒေါသကြောင့်များတယ်။ နောက်အများတစ်မျိုးသည် ဘာကြောင့်ဖြစ်တုန်း ဆိုရင် မောဟကြောင့် များတာပါ။

မောဟလွှမ်းမိုးလာတဲ့ အချိန်အခါ အသိဉာဏ် ဆင်ခြင်တုံတရားတွေ ကင်းမဲ့နေချိန်မှာလည်း များတတ်တယ်။ ဆင်ခြင်တုံတရားဆိုတာ အမြဲတမ်း လက်ကိုင် ထားရမယ်။ သင့်မသင့် တော်မတော်၊ ဟုတ်တယ် မဟုတ်ဘူး၊ ကောင်းတယ် မကောင်းဘူး ဝေဖန်သုံးသတ် နိုင်တဲ့ အသိဉာဏ်သည် အမောဟ၊ ပညာပါ။ အဲဒီ အသိဉာဏ်ပညာရဲ့ ဆန့်ကျင်ဘက်က ဆင် ခြင်တုံ တရား ကင်းမဲ့နေတာပါ။ ဟုတ်မဟုတ်၊ မှန်မမှန်ကို မနှိုင်း ယှဉ် မသုံးသပ် မဆုံးဖြတ်နိုင်တာ မောဟပါ။

www.dhammadownload.com



တချို့က ဟုတ်တာပြောလို့လည်း ဟုတ်တာပြောမှန်းမသိဘူး။ ကိုယ့်အကျိုး လိုလားလို့လည်း ကိုယ့်အကျိုးလိုလားလို့ သူပြောတာပါလားလို့ နားမလည်ပါဘူး။ မောဟဖုံးလွှမ်းတာ၊ အသိဉာဏ် နည်းတာပါ။

www.dhammadownload.com

## အတွေ့အကြုံစကားပြော

ကိုယ့်ရဲ့ ကောင်းကျိုးချမ်းသာကို မြော်မြင်လို့ မိဘက ဆုံးမတယ်၊ ဆရာသမားက ဆုံးမတယ်။ ငယ်တဲ့အချိန်တုန်းက နားမလည်ဘူး။ နေရာတကာမှာ ချုပ်ချယ်တယ်၊ ပိတ်ပင်တယ် မလွတ်လပ်ဘူးဆိုပြီးတော့ ခံစားရတယ်။ ဘုန်းကြီးတို့ ငယ်ငယ်တုန်းကလည်း ကြုံဖူးတာပဲ။ ဆရာသမားတွေ မိဘတွေက ဒီလို ဒီလိုနေ၊ ဒီလို ဒီလိုလုပ်ပါ ပြောတဲ့အခါကျတော့ ကိုယ့်ဆန္ဒနဲ့ မကိုက်ညီရင် မကျေနပ်ချင်ဘူး။ အတွေ့အကြုံ မပြည့်စုံသေးလို့ပါ။ အသိတရား နည်းသေးလို့ပါ။ ပညာနည်းပါးမောဟတွေ များနေလို့ပါ။

ပညာဉာဏ်တွေ ထက်မြက် အတွေ့အကြုံတွေ ရင့်ကျက်လာတော့မှ ကိုယ့်ရဲ့ကောင်းကျိုးကို ရည်မြော်ပြီး ဆုံးမတာပါလားလို့ နားလည်လာပါတယ်။ ကောင်း

www.dhammadownload.com



ကျိုးကို သိမြင်ခံစားရချိန်ကျမှ ကျေးဇူးတင်ပါတယ်။ ဆိုးကျိုးဒုက္ခခံစားရသူတွေက အဲဒီအချိန်မှာ ငါ မှားလေခြင်းလို့ နောင်တတွေ ဝင်ကြပါတယ်။ မှားယွင်းကြောင်း သုံးချက် လောဘ၊ ဒေါသ၊ မောဟ ရှိနေသူ မှန်သမျှသည် အမှားမကင်းဘဲ ဖြစ်နေမှာပါ။ အမှားရှိမှာပါ။

## အမှားပြင်တာ နောက်မကျ

အမှားသိမြင် အမှန်ပြင်သူအတွက် နောက်ကျသွားတယ်ဆိုတာ မရှိပါဘူး။ သိတာနဲ့ ပြင်လိုက်ဖို့သာ အရေးကြီးပါတယ်။ သိသိကြီးနဲ့ ဆက်မမှားဖို့သာ အရေးကြီးပါတယ်။ ကမ္ဘာပေါ်မှာ ဒေဝဒတ်လောက် ဆိုးသူ မိုက်သူမှားယွင်းသူဟာ ရှားပါးပါလိမ့်မယ်။ အပြစ်ကြီးသူ နည်းပါးပါလိမ့်မယ်။

ဘုရားလောင်းပါရမီဖြည့်စဉ် ဘဝပေါင်းများစွာမှာ ဒုက္ခပေးခဲ့၊ အန္တရာယ်ပြုခဲ့၊ နှိပ်စက်ခဲ့ပါတယ်။ ဘုရားသာသနာအတွင်းမှာ ရဟန်းတစ်ပါးအဖြစ် ဝင်ရောက်လာပြီးနောက်မှာတောင် နောက်ပိုင်းမှာ အမှားများစွာ ကျူးလွန်ခဲ့တာ အထင်အရှားပါပဲ။ လာဘ်လာဘ အခြံအရံ ကျော်ကြားထင်ရှားမှုကို လိုချင်မက်မောလို့ ဘုရားကို သတ်ပြီး ဘုရားလုပ်ဖို့အထိ အကြံကြီးခဲ့တဲ့သူပါ။

ဒါပေမဲ့ မြေမျိုခါနီး သူ့ဘဝရဲ့ နောက်ဆုံးအချိန်မှာ သူ့အမှားတွေ သူသိမြင်လာပါတယ်။ အနီးအနားအထိ သွားရောက် မဖူးမြော်နိုင်တော့ပေမဲ့ ဘုရားရှင်ကို တောင်းပန်လျှောက်ထား ကန်တော့သွားခဲ့ပါတယ်။

www.dhammadownload.com



ဒေဝဒတ်ဟာ အမှားသိမြင်ပြီး တောင်းပန် ကန်တော့ သွားတဲ့အတွက် သူ့မှာ အကျိုးမယုတ်ပါဘူး။ နောင်တစ်ချိန်မှာ အရိဋ္ဌအမည်ရတဲ့ ပစ္စေကဗုဒ္ဓါ ဖြစ်လာမှာပါ။ အမှားသိမြင် အမှန်ပြင်သူအတွက် နောက်မကျပါဘူး။ ပြင်လိုက်ချိန်မှာ မှန်သွားမှာပါ။ မပြင်သူကသာ အမြဲတမ်း မှားနေမှာပါ။

www.dhammadownload.com

# ပဝါရဏာပြုပွဲ

ဆရာတော်သံဃာတော်၊ အရှင်မြတ်တွေ သီတင်းကျွတ်လပြည့်နေ့မှာ ပဝါရဏာပြုတယ်။ မြင်ဖူးလိမ့်မယ်၊ ကျောင်းတိုက်တွေက သံဃာတော်တွေ အားလုံးစုဝေးကြတယ်။ အစုလိုက် အစုလိုက် အဖွဲ့လိုက် အဖွဲ့လိုက် ကျောင်းတစ်ကျောင်းမှာ သိမ်တစ်ခုမှာ စုပြီးတော့ အကြီးဆုံး မထေရ်ကြီးကနေ စပြီးတော့ တစ်ပါးစီ တစ်ပါးစီ လျှောက်ထားကြတယ်။

သံဃံ ဘန္တေ ပဝါရေမိ၊ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ ဝဒန္တု မံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ ပဿန္တော ပဋိကရိဿာမိ။

သံဃာတော်အရှင်မြတ်တို့ဘုရား၊ တပည့်တော်သည် အရှင်ဘုရားတို့ကို ဖိတ်ကြားပါတယ်။ တပည့်တော်မှာ ကာယကံအပြစ်၊ ဝစီကံအပြစ်တွေ ရှိမယ်ဆိုရင်

www.dhammadownload.com



အရှင်ဘုရားတို့က တစ်စုံတစ်ခုအပေါ်မှာ ယုံမှားသံသယ ရှိမယ်ဆိုရင် တပည့်တော်ကို ပြောဆိုနိုင်ပါတယ်၊ ဆုံးမ နိုင်ပါတယ်၊ ပြောခွင့်ပြုပါတယ်လို့ ဖိတ်ကြားခြင်းသည် ပဝါရဏာပါ။

အပြစ်ကိုပြ ဆုံးမပါလို့ ဖိတ်ကြားတာကို ပဝါရဏာ သည် ပြုတယ်လို့ ခေါ်ပါတယ်။ ဗုဒ္ဓပေးခဲ့တဲ့ ကောင်းမြတ် တဲ့ အစဉ်အလာပါ။ မြင့်မြတ်တဲ့ ဖိတ်ခေါ်ခြင်းနှင့် ပွင့် လင်းတဲ့ ဖိတ်ခေါ်ခြင်းပါ။

မထေရ်အကြီးဆုံးကနေ အငယ်ဆုံးအထိကို တစ် ပါးစီ တစ်ပါးစီ လျှောက်ထားရတယ်။ မြင်လို့ဖြစ်စေ ကြားလို့ဖြစ်စေ၊ မြင်တာလည်း မဟုတ်ဘူး ကြားတာ လည်း မဟုတ်ဘူး၊ စိတ်ထဲမှာ သံသယရှိနေရင်လည်း ဆုံးမနိုင်ပါတယ်ဘုရား၊ ဆုံးမပါဘုရားလို့ ဖိတ်ခေါ်ခြင်း သည် ပဝါရဏာပါ။ နှစ်တိုင်းနှစ်တိုင်းမှာ ဖိတ်ခေါ်ရပါ တယ်၊ သီတင်းကျွတ် လပြည့်တိုင်းမှာ ပဝါရဏာပြုပွဲ ဆိုတာ ဒါပါပဲ။

www.dhammadownload.com

# တဏှာမာန ဒိဋ္ဌိတွေကြောင့်

နောက်တစ်မျိုး လူတွေ ဘာကြောင့်များ မှားနေကြတာလဲ သတိထားကြည့်ပါ။ မှားသွားလို့ မှားသွားလို့ ဆိုပြီးတော့ မှားကြတဲ့အကြောင်း ထပ်ရှာကြည့်လိုက်တော့ ပပဉ္စတရားကြောင့်လည်း မှားတယ်လို့ မြင်ပါတယ်။

ပပဉ္စ တရားသုံးပါးဆိုတာ တဏှာရယ်၊ ဒိဋ္ဌိရယ်၊ မာနရယ်ပါ။ သံသရာနယ်ကို ချဲ့ထွင်တတ်တဲ့ ပပဉ္စတရားသုံးမျိုးပါ။ လိုချင် ခင်မင် ချစ်ခင် နှစ်သက်တဲ့ တဏှာ၊ ငါတော်တယ် ငါတတ်တယ် ငါသိတယ်လို့ ထောင်လွှားနေတဲ့ မာန၊ အယူမှား အမြင်မှားတွေ ဖြစ်နေတဲ့ ဒိဋ္ဌိပါ။

တစ်ခါတလေ ကိုယ်ဆုပ်ကိုင်ထားတဲ့ ကိုယ့်အယူဝါဒ ကိုယ့်ရဲ့ ကိုယ်ပိုင်အမြင်သည် လွဲချော်နေတယ်။ ကိုယ့်အမြင်ကိုက စောင်းနေတာ။ ကိုယ့်အမြင်ကိုက

www.dhammadownload.com



မှားနေတာ။ ကိုယ်ယူဆနေတာက အစစ်အမှန်တရား နဲ့ တခြားစီကို ဝေးကွာနေတာ ဒိဋ္ဌိပါ။

တဏှာ၊ မာန၊ ဒိဋ္ဌိတွေကိုလည်း မှားယွင်းကြောင်း လို့ မှတ်ယူထားရပါမယ်။ တဏှာကတော့ စောစောက ပြောခဲ့တဲ့ လောဘနဲ့ သွားတူနေပါလိမ့်မယ်။ လိုချင် ခင်မင်နှစ်သက်တာ တပ်မက်သဘောကျတာ တဏှာပါ။ လောဘနဲ့ သဘောချင်း တူပါတယ်။

## ငါတတ် ငါသိ ဆရာမရှိ

မတူတဲ့ နှစ်မျိုး ထပ်ပေါင်းထည့်လိုက်ပါ။ မာနနဲ့ ဒိဋ္ဌိ။ တချို့ ဘာကြောင့် မှားသလဲ၊ မာနကြောင့် မှား တယ်။ ငါသိတယ်၊ ငါတတ်တယ်၊ ငါ နားလည်တယ်။ ငါ့ကို ဆရာမလုပ်နဲ့။ သူများနဲ့ ယှဉ်လိုက်ရင် ကိုယ်က အထက်စီးပဲ လိုချင်တယ်။ ကိုယ့်ကို တစ်ယောက် ယောက်က အပြစ်ပြောတာကို မကြိုက်ဘူး၊ ဝေဖန်တာ ကို မကြိုက်ဘူး။ အဲဒါ ဘာသဘောလဲဆိုရင် မာနပါ။

ကုသိုလ်လား၊ အကုသိုလ်လားဆိုတော့ အကု သိုလ်ပါ။ မကောင်းတဲ့တရားပါ။ ကောင်းကျိုးမပေးပါဘူး။ ဒုက္ခပေးမှာပါ။

ကိုယ့်မာနကြောင့် ကိုယ် ဒုက္ခရောက်သွားတတ် ပါတယ်။ မာနမချနိုင် မာနမစွန့်နိုင်လို့ ဒုက္ခရောက်တဲ့ သူတွေ အများကြီးပါပဲ။ အမှားကို ဆုပ်ကိုင်ထားတယ်၊ မှားမှန်းသိသိကြီးနဲ့ မပြင်ဘူး။ အသက်သာ အသေခံ မယ်၊ မှားတယ်လို့တော့ ဝန်မခံနိုင်ဘူးဆိုတာ ဘယ်သူ့

www.dhammadownload.com



ကြောင့်လဲဆိုရင် မာနကြောင့်ပါ။ သူ့ကြောင့် အမှန်ကို မရဘဲ အမှားပဲ ဖြစ်သွားပါတယ်။ မှားသည်ထက်ကို မှားသွားပါတယ်။

ဒိဋ္ဌိက အယူအဆ မှားလို့မှားတယ်။ အတွေးအခေါ် သုံးသပ်ပုံတွေ လွဲချော်နေလို့ မှားတယ်။ မှားတတ်တဲ့ အတွက်ကြောင့်မို့လို့ ကိုယ့်ကိုယ်ကိုယ် မှန်သွားအောင် ဆုံးမပေးရတယ်။ အမှားပြင်လိုက်လို့ မှန်သွားတယ် ဆိုရင်ကောင်းကျိုး ချမ်းသာတွေ အများကြီးဖြစ်လာပါ မယ်။ အမှားကို ဆုပ်ကိုင်ထားရင် ဆင်းရဲဒုက္ခတွေ အများကြီးဖြစ်ပါလိမ့်မယ်။

www.dhammadownload.com

# များတာကို ဝန်ခံရဲရမယ်

လူတိုင်းလူတိုင်းဟာ မှန်တာလည်း ပြောရဲရ မယ်။ လုပ်ရဲရမယ်။ ဝန်ခံရဲရမယ်။ အဲဒီလိုပဲ မှားတာကို လည်း ပြောရဲရမယ်။ လုပ်ရဲရမယ်။ ဝန်ခံရဲရပါမယ်။

ဆဋ္ဌသင်္ဂါယနာတင်တဲ့အချိန် သာသနာနှစ် နှစ်ထောင့်ငါးရာတုန်းကပါ။ နောက်ဆုံး ဆဋ္ဌမအကြိမ် မြန်မာပြည်မှာ သင်္ဂါယနာတင်တဲ့ အချိန်အခါမှာ သံဃာတော် အရှင်မြတ်တွေထဲမှာ အကြီးဆုံး သံဃာ့သဘာပတိ၊ သင်္ဂါယနာတင်ပွဲရဲ့ ဥက္ကဋ္ဌအနေနဲ့ မန္တလေးမြို့ မစိုးရိမ်တိုက်က ဆရာတော်ဘုရားကြီးကို ရွေးပါတယ်။ ပထမဦးဆုံး မစိုးရိမ်တိုက်တည် ဆရာတော် ဘုရားကြီးကို ရွေးတဲ့အခါကျတော့ သံဃာတော် တော်တော်များများက ကျေနပ် နှစ်သက်တယ်။ ဆရာတော်တွေ သဘောတူ လက်ခံကြတယ်။

www.dhammadownload.com



ဒါပေမဲ့ အများနဲ့လုပ်ရတဲ့ အလုပ်ဆိုတော့ မကြိုက်တဲ့သူ မနှစ်သက်တဲ့သူတွေကလည်း ရှိပါတယ်။ သူတို့ကလည်း အကြောင်းပြတယ်။ မစိုးရိမ်ဆရာတော်ကြီးကို ရွေးလို့ မဖြစ်ဘူး၊ သူက အကြီးဆုံး သဘာပတိနေရာ ဥက္ကဋ္ဌနေရာ နေလို့မဖြစ်ဘူး။ ဘာဖြစ်လို့လဲဆိုရင် ဒီဆရာတော်ကြီးဟာ ခုတစ်မျိုး ခုတစ်မျိုး ပြောင်းတတ်လို့ပါတဲ့။ ဆိုပါတော့ အဲဒီ စကားကို ဆရာတော်ကြီးက ကြားတယ်။ သိတယ်။

## အမှန်ကို ပြင်ရဲသူ

သံဃာ့ပရိသတ်အလယ်မှာ ဆရာတော်ကြီးက ဩဝါဒစကား မိန့်ကြားရင်းနဲ့ ဘယ်လိုဖြေရှင်းသလဲ ဆိုတော့ တပည့်တော်က ခုတစ်မျိုး ခုတစ်မျိုး ပြောင်းတယ်ဆိုတာ မှားနေမှန်းသိရင် ပြောင်းပါတယ်။ ဒီနေ့ မှန်တယ်ထင်လို့ ပြောလိုက်တယ်။ မှန်တယ် ထင်လို့ ဆုံးဖြတ်လိုက်တယ်။ မနက်ဖြန်ခါကျရင် အဲဒီကိစ္စက မှားနေတယ်ဆိုရင် တပည့်တော်က မှားတယ်လို့ ပြောပါတယ် ဘုရား။ တပည့်တော် မှားသွားပါတယ်လို့ ပြောပါတယ်တဲ့။

ငါက လူကြီးပဲ။ ငါက အကြီးအကဲပဲ။ ငါက လူကြီးမို့ ငါ့စကား ငါ ထိန်းသိမ်းမယ်။ ငါ့စကား ငါ ဆုပ်ကိုင်ထားမယ် ဆိုပြီးတော့ မှားနေမှန်းသိသိကြီးနဲ့ ဆက်ပြီးတော့ မနေဘူး။ မှားမှန်းသိတာနဲ့ အမှန်ကို ပြင်တယ်။

www.dhammadownload.com



မှားမှန်းသိလို့ အမှန်ကို မြင်ရင် သူတော်ကောင်းပါ။ အခုတစ်မျိုး အခုတစ်မျိုး မဟုတ်ဘူး။ စောစောက တစ်မျိုးသည် အမှား။ အခုမြင်လိုက်တာသည် အမှန်ဆိုရင် အမှားအတိုင်းနေရမှာလား၊ အမှန်ကို မြင်ရမှာလား။ အမှန်ကို မြင်ရမှာပါ။

မပြင်နိုင်ဘူး။ ငါ သိက္ခာကျတယ်ဆိုတာက မာနပါ။ ငါ မှန်တာပဲဆိုပြီးတော့ ဖွတ်ကို တစ်ယူသန် လက်ခံထားတာက ဒိဋ္ဌိပါ။ ဘာအကြောင်းကြောင့် ညာအကြောင်းကြောင့် ဆိုပြီးတော့ ငဲ့ကွက်စရာတွေ ရှိနေတာက တဏှာ။ တဏှာ ဒိဋ္ဌိမာနနဲ့ဆိုရင် အမှန်ကို မရောက်နိုင်ပါဘူး။

မှားမှန်းသိရင် ပြင်ရမှာပါ။ အဲဒီလို ပြင်အောင်လို့ ဆုံးမပေးတဲ့စကားသည် ဆုံးမစကား။ မှားနေတာကို မှန်သွားအောင်၊ ချွတ်ချော်တိမ်းပါးနေတာကို တည့်မတ်သွားအောင် ပြုပြင်ပေးတဲ့စကားသည် ဆုံးမစကားပါ။ ဆုံးမစကားကို သူတော်ကောင်းတွေက သိပ်နှစ်သက်တယ်၊ သဘောကျတယ်၊ လက်ခံကြပါတယ်။

www.dhammadownload.com

# သူတော်ကောင်းတွေ နှစ်သက်

ဩဝဒေယျ အနုသာသေယျ၊
အသဗ္ဘာ စ နိဝါရယေ။
သတံ စ သော ပိယော ဟောတိ၊
အသတံ ဟောတိ အပ္ပိယော။

သင့် မသင့်၊ တော် မတော်၊ ကောင်း မကောင်းကို တစ်ဦးတစ်ယောက်က ဆုံးမလာရင် သူတော်ကောင်း ဖြစ်တဲ့ သူတို့သည် အဆုံးအမကို ဝမ်းမြောက်ဝမ်းသာနဲ့ ကြိုဆိုတယ် လက်ခံတယ်။ သူတော်ကောင်းများက အဆုံးအမကို လိုချင်ပါတယ်။

အဲဒီလိုဆိုတော့ သူတော်ကောင်းမဟုတ်တဲ့ သူတွေက အဆုံးအမကိုမလိုချင်ဘူး။ အဆုံးအမကို မလိုချင်ဘူး၊ အဆုံးအမကို လက်မခံဘူးဆိုရင် သူတော်ကောင်း မဟုတ်ဘူးဆိုတဲ့ အဓိပ္ပာယ်ကို ရောက်သွားပါတယ်။

www.dhammadownload.com



သူတော်ကောင်းတို့သည် အဆုံးအမကို လိုလိုလားလား လက်ခံပါတယ်၊ ချစ်မြတ်နိုးပါတယ်၊ ဆုံးမစကားကို အလေးထားပါတယ်။ သူတော်ကောင်းမဟုတ်တဲ့သူတွေက အဆုံးအမစကားကို မနှစ်သက်ပါဘူး၊ သဘောမကျပါဘူး၊ ဆုံးမစကားကို အလေးမထားပါဘူး။

ဆုံးမစကားက နှစ်သက်ရမှာပါ။ လက်ခံရမှာပါ။ မြတ်နိုးရမှာပါ။ ဘာဖြစ်လို့လဲဆိုရင် အဆုံးအမသည် ကိုယ့်ရဲ့အကျိုး၊ ဆုံးမသူရဲ့အကျိုးမဟုတ်ဘူး၊ ဆုံးမခံသူရဲ့ အကျိုးအတွက်ပါ။ အဆုံးအမရရင် ကောင်းသွားပါတယ်။

www.dhammadownload.com

# အဆုံးအမ လိုလားရာမှာ စံနမူနာ

အဆုံးအမ လိုလားတဲ့နေရာမှာ စံနမူနာ ယူသင့်တာက ဘုရားရှင်ရဲ့ သားတော်ရာဟုလာပါ။ အရှင်ရာဟုလာဟာ သိက္ခာကာမ တေဒဂ်ရပါတယ်။ အဆုံးအမကိုလိုလားတောင့်တတဲ့နေရာမှာအသာဆုံး၊ အမြတ်ဆုံးပါ။ သိပ်ကို အဆုံးအမ လိုလားတဲ့သူ ဆိုပြီးတော့ တေဒဂ်ဘွဲ့ထူးတောင် ချီးမြှင့်ခံရတဲ့သူပါ။

ရှင်ရာဟုလာလေး ငယ်ငယ်လေးကတည်းက ဆုံးမစကားကို သိပ်လိုလားတယ်။ ဆုံးမစကားတစ်ခုရပြီဆိုရင်လည်း အဲဒီအဆုံးအမကို တိတိကျကျ လိုက်နာကျင့်သုံးတတ်ပါတယ်။

မနက်လင်းလို့ အိပ်ရာထပြီဆိုတာနဲ့ ရာဟုလာလေးက ဇေတဝန်ကျောင်းထဲမှာ ခင်းထားတဲ့ သဲစုသဲလုံးတွေကို လက်နဲ့ ဆုပ်ကိုင်တိုင်တည်ပြီးတော့ ဒီနေ့ ဟောဒီသဲစုနှင့်အမျှ၊ သဲလုံးနှင့်အမျှ အဆုံးအမတွေ

www.dhammadownload.com



ရရင်ကောင်းမယ်။ ဆုံးမတဲ့သူတွေနဲ့ တွေ့ရ ကြုံရရင် သိပ်ကောင်းမှာပဲ လို့တောင့်တတတ်ပါတယ်။ အဆုံးအမကို လိုလားတယ်၊ နှစ်သက်တယ်၊ လက်ခံတယ်၊ ကျင့်သုံးတယ်။ ချီးမွမ်းသင့်တဲ့သူပါ။

သူ့အနေနဲ့က မာနကြီးမယ်ဆိုရင် ကြီးလို့ ရပါတယ်။ မင်းမျိုးမင်းနွယ် မြတ်စွာဘုရားရဲ့ သားအရင်းခေါက်ခေါက်၊ ဘိုး ဘေး ဘီ ဘင် တို့ရဲ့ ထီးနန်းကို ပိုင်ဆိုင်ခွင့်ရတဲ့သူပါ။

## ပညတ်တော် သိက္ခာပုဒ်ကို လေးစား

သာသနာ့ဘောင်ရောက်လာပြီးတော့မှ မြတ်စွာဘုရားရှင်က သိက္ခာပုဒ်တစ်ခု ပညတ်တယ်။ ရှင်သာမဏေများသည် ရဟန်းတော်တွေနဲ့ နှစ်ညသုံးညထက်ကို အတူတကွ တစ်မိုးတစ်ယံတည်း အိပ်လို့မသင့်ဘူး။ ရဟန်းတော်များလည်း ရှင်သာမဏေများနှင့် တစ်မိုးတည်းအောက်မှာ နှစ်ည သုံးညထက်ပိုပြီး အတူတူအိပ်လို့ မသင့်ဘူးဆိုတဲ့ သိက္ခာပုဒ် ပညတ်လိုက်တော့ ရာဟုလာလေး ဘယ်နားသွားအိပ်လဲဆိုတော့ ကျောင်းအောက်မှာ ဆင်းအိပ်တယ်။

သူနဲ့ ရင်းနှီးတဲ့ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်၊ အရှင်အာနန္ဒာ၊ အရှင်အနုရုဒ္ဓါ အရှင်မြတ်တွေရှိတယ်။ သူသာ ခါတိုင်းလို အရှင်မြတ်တွေနဲ့ အတူတကွ နှစ်ည သုံးည ဆက်အိပ်မယ်ဆိုရင် အရှင်မြတ်တွေမှာ အာပတ်သင့်မှာစိုးလို့ ဘုရားစကား နားထောင်

www.dhammadownload.com



တဲ့အနေနဲ့ ကြံ့သလို ကြံ့ရာမှာ အိပ်တယ်။ အဆုံးအမ ကို အဲဒီလောက်အထိတောင် လေးစားတယ်။ အဆုံးအမ ဩဝါဒကို ခံယူတယ်၊ မြတ်နိုးပါတယ်။

ဘုရားသားတော်ဆိုပြီး အခွင့်အရေးမယူဘူး။ ဥပဒေကို တန်းတူရည်တူ လိုက်နာကျင့်သုံးပါတယ်။ ဆုံးမတဲ့သူတွေ ရရင်ကောင်းမယ်။ နေ့စဉ် နေ့တိုင်း အဆုံးအမတွေ ခံယူရရင် သိပ်ကောင်းမှာပဲဆိုတဲ့ သူ့ရဲ့ စိတ်ထားသည် သူတော်ကောင်းစိတ်ပါ။ သူတော်ကောင်း တွေသည် အဆုံးအမကို မြတ်နိုးကြပါတယ်။

သတံ စ သော ပိယော ဟောတိ။ သူတော်ကောင်း များသည် အဆုံးအမကို နှစ်သက်မြတ်နိုးပါတယ်။ သူတော်ကောင်း မဟုတ်သူသည် အဆုံးအမကို မမြတ် နိုးနိုင်ပါဘူး။ ငါ့ကို ဆုံးမရကောင်းလား၊ ငါ့ကို ပြောရ ကောင်းလား၊ ငါ့ကို ဆူပူကြိမ်းမောင်းရ ကောင်းလား ဆိုပြီးတော့ မကျေနပ် မနှစ်သက် မကြည်ဖြူတာဟာ သူတော်ကောင်းမဟုတ်တဲ့ မသူတော်တွေရဲ့ သဘော ထားပါ။

www.dhammadownload.com

## ဆုံးမတာနဲ့ အပြစ်တင်တာ

ဒါပေမဲ့ တစ်ခုတော့ သတိထားပါ။ ဆုံးမတာနဲ့ အပြစ်တင်တာ တူသလားဆိုရင် မတူပါဘူး။

ဘုန်းကြီးတို့လည်း တစ်ခါတလေကျ လို့ရှိရင် ကိုယ့်ကိုယ်ကိုယ် မနည်းသတိထားနေရတယ်။ ကိုယ့်ကိုယ်ကိုယ် ဆုံးမပေးနေရတယ်။ အသက်အရွယ်အရရော၊ ဂုဏ်အရရော၊ ပညာအရရော၊ ကိုယ့်ထက်ငယ်သူများကို ဆုံးမပေးရတဲ့အခါမှာ ငါ သူ့ကို အပြစ်ပြောနေတာလား၊ ဆုံးမနေတာလား။ ကွဲပြားအောင် ကိုယ့်ကိုယ်ကိုယ် ကိုယ့်စိတ်ကို ပြန်ပြီးတော့ သတိထားရတယ်။ အပြစ်မတင်ရဘူး၊ ဆုံးမရမှာပါ။ ဆုံးမတာသည် သူ့ရဲ့ကောင်းကျိုး၊ အပြစ်တင်တာသည် သူ့ရဲ့ ဆိုးကျိုးပါ။

တချို့ကျတော့ တမင်တကာ အကျိုးနည်းသွားပါစေ။ အရှက်ကွဲသွားပါစေ နစ်နာသွားပါစေ။ အဲဒီ

www.dhammadownload.com



သဘောမျိုးနဲ့ လူကြားသူကြားထဲမရှောင်ဘူး။ မပြော သင့်တဲ့အချိန် ပြောသင့်တဲ့အချိန် နားမလည်ဘူး၊ အပြစ်ပြောလိုက်တယ်။

အရက်တကွဲ အကျိုးနည်းဖြစ်သွားအောင် ပြုမူ လိုက်တယ်ဆိုတာ အပြစ်တင်ခြင်းပါ။ ဆုံးမတယ်ဆိုတာ က သူ့ရဲ့ကောင်းကျိုးချမ်းသာကို လိုလားပြီးတော့ သူ မှားနေတာကို ပြုပြင်နိုင်ပါစေ။ ပြုပြင်လိုက်ရင် ကောင်း သွားလိမ့်မယ်။ ကောင်းကျိုးတွေ ဖြစ်လိမ့်မယ်လို့ နလုံး သွင်း ပြောလိုက်တာက ဆုံးမခြင်းပါ။ ဆုံးမတာက ကုသိုလ်၊ အပြစ်ပြောတာက အကုသိုလ်လို့ ခွဲခြားနား လည်ထားပါ။

## ဆုံးမတဲ့သူမှာ တာဝန်ရှိ

ဆရာ ဆရာမတွေလည်း သတိထားပါ။ တစ်ခါ တလေမှာ ကျောင်းသား ကျောင်းသူတွေကို ဆုံးမတယ်၊ ဆုံးမတယ် ဆိုပြီးတော့ အရက်ခွဲသလို အပြစ်တင်သလို ဖြစ်သွားတတ်တယ်။ တချို့ ကိုယ့်စကားတစ်ခွန်းကြောင့် နဲ့ ဘာမှမဟုတ်ဘဲ ဘဝပျက်သွားတတ်တယ်။ ရက်လို့ ဆိုပြီးတော့ တချို့ကလေးတွေက မလုပ်သင့်တာတွေ လုပ်ပြီးတော့ မှားသွားတယ်။ အဲဒီတော့ ဆုံးမတဲ့သူမှာ လည်း တာဝန်ရှိပါတယ်။

ရွှေအိုးပြပေးတဲ့သူကို သူ့ကြောင့် ငါတို့ကြီးပွား တိုးတက်သွားတာဆိုပြီးတော့ တစ်သက်လုံး ကျေးဇူးရှင် အဖြစ် အသိအမှတ်ပြုတယ်။ တစ်သက်လုံး ဂုဏ်တင်

www.dhammadownload.com



တယ်။ အဲဒီလိုပဲ ဆုံးမပေးတဲ့သူကိုလည်း ရွှေအိုးပြပေးတဲ့သူလို သဘောထားပါ။ အဆုံးအမ တစ်ခုရရင် အဲဒီအဆုံးအမတစ်ခုကြောင့် ကိုယ့်ဘဝပြောင်းလဲသွားမယ်၊ ကြီးပွားသွားမယ်၊ တိုးတက်သွားမယ်။ အဆုံးအမကောင်းရတဲ့သူသည် ကြီးပွားချမ်းသာ တိုးတက်တယ်။ အဆုံးအမ မရတဲ့သူသည် အမှားမှားအယွင်းယွင်း အလွဲလွဲအချော်ချော်တွေနဲ့ ဆင်းရဲဒုက္ခ ရောက်တတ်ပါတယ်။

www.dhammadownload.com

## ဆရာသမားက မဆုံးမဘူးလား

အဆုံးအမကောင်းရတဲ့သူသည် လိမ္မာယဉ်ကျေးတယ်။ အဆုံးအမကောင်းမရတဲ့သူက ကြမ်းတမ်း ရိုင်းစိုင်းပါတယ်။

လူ့လောကမှာ ထားပါ။ ရဟန်းသံဃာလောကမှာ သိပ်ကို ဂရုစိုက်ရပါတယ်။ ကိုယ်သွားတာ လာတာ နေတာ ထိုင်တာ ပုံမကျရင် ဘယ်သူ့ဆီ ရောက်သွားလဲ ဆိုတော့ ကိုယ့်ရဲ့ ဆရာသမားဆီကို ရောက်သွားတယ်။ သူ့ဆရာက သူ့ကို မဆုံးမဘူးလား။ သူ့ဆရာသမား သူ့ကို မဆုံးမဘူးလား ဆိုပြီးတော့ ကိုယ့်အပြစ်သည် ဘယ်သူ့ဆီရောက်သွားလဲ။ ဆရာသမားဆီရောက်သွားတယ်။

ကိုယ်ပြောလိုက်တဲ့ စကားတစ်ခွန်းကြောင့် ကိုယ့်ဆရာသမား သိက္ခာကျတယ်။ ကိုယ်ပြုမူလိုက်တဲ့ အပြု

www.dhammadownload.com



အမှုကြောင့် ကိုယ့်ရဲ့ လက်ဦးဆရာမှာ သွားပြီးတော့ ထိခိုက်တယ်၊ နစ်နာပါတယ်။ သတိ သိပ်ထားရတယ်။

တချို့ရဟန်းငယ်တွေ ကိုယ်တော်ငယ်တွေ နေချင်သလိုနေပြီး စည်းကမ်းတွေဖောက်ဖျက်နေတာတွေ၊ အနေအထိုင် အသွားအလာ မယဉ်ကျေးတာတွေ မြင်ရင်ဘေးက ဆရာတော်ကြီးတွေက သူ့ကို အကဲခတ်ပြီးတော့ ပြောတတ်ကြပါတယ်။ ဩော် ငယ်ငယ်က ဆရာကောင်း သမားကောင်းထံက အဆုံးအမကောင်း မရခဲ့ဘူးထင်ပါရဲ့လို့ ပြောတတ်ကြပါတယ်။

## အတူခြားနား ကွဲပြား

အဆုံးအမဩဝါဒရတဲ့သူနဲ့ မရတဲ့သူ မတူပါဘူး။ လိုက်နာတဲ့သူနဲ့ မလိုက်နာတဲ့သူ မတူပါဘူး။ ဒါကြောင့် အဆုံးအမဩဝါဒကို တန်ဖိုးထားရမယ်၊ လေးစားရမယ်၊ မြတ်နိုးရပါမယ်။ ဆုံးမဩဝါဒကို မလိုက်နာရင်လည်း နောင်အခါမှာ နောင်တရမယ်။ အဆုံးအမကောင်း ဩဝါဒကောင်းတွေကို ရမယ်ဆိုရင် နောင်အခါမှာ ကြီးပွားချမ်းသာ တိုးတက်ပါလိမ့်မယ်။ ဆုံးမလွယ်သူဖြစ်ရင် သိပ်ကိုကောင်းပါတယ်။

အဆုံးအမလွယ်တဲ့သူနဲ့ အဆုံးအမ ခက်တဲ့သူလို့ ဒီလောကမှာ နှစ်မျိုးပဲ ရှိတယ်။ ဘယ်သူကမှ မွေးကတည်းက တစ်ခါတည်း မတတ်လာခဲ့ဘူး၊ မသိလာခဲ့ဘူး၊ နားမလည်ခဲ့ဘူး။ ဘယ်သူတွေက တတ်မြန်

www.dhammadownload.com



သိမြန် နားလည်မြန်သလဲဆိုရင် အဆုံးအမလွယ်သူက တတ်သိနားလည်တယ်။ အဆုံးအမ ခက်တဲ့သူက သိမှု တတ်မှု နားလည်မှုမှာ နောက်ကျမှာပါပဲ။

www.dhammadownload.com

# ဆုံးမချင်စိတ်တွေ ကုန်လာ

လူတိုင်းမှာ အမှားတွေရှိတယ်ဆိုတာကို နားလည်ပြီးသား လက်ခံကြပြီးသားပါ။ အမှားအယွင်းတွေကို ပြုပြင်နိုင်တဲ့သူသည် အမှန်ဖြစ်လာလိမ့်မယ်။ မကောင်းတာတွေကို ပြုပြင်လိုက်ရင် ကောင်းသွားလိမ့်မယ်။

မပြင်နိုင်ရင် မှားနေမှာပဲ။ မပြုပြင်ဘူး ဆိုရင်တဲ့ မကောင်းမှုတွေ ဆက်ကာဆက်ကာ ဖြစ်နေဦးမှာပဲ။ အဲဒီတော့ ဘာဖြစ်ရမှာလဲဆိုရင် ဆုံးမလွယ်သူဖြစ်ရပါမယ်။ ဆုံးမလွယ်တဲ့ ပုဂ္ဂိုလ်သည် ကောင်းကျိုးချမ်းသာကို မြန်မြန်ရပါတယ်။

တစ်ခါတလေ ဆုံးမရခက်တဲ့ တပည့်တွေ တွေ့ရတတ်ပါတယ်။ တချို့ကလေးတွေ တချို့က သိပ်ဆုံးမရသိပ်ခက်ပါတယ်။ ဘယ်လောက်ပြောပြော နားမထောင်ဘူး။ ဘယ်လောက်သင်ပေး သင်ပေး မရဘူးဆိုရင်

www.dhammadownload.com



တဖြည်းဖြည်းနဲ့ ဆုံးမခက်တဲ့သူကို ဆုံးမသူက မဆုံးမ ချင်တော့ပါဘူး။

အဲဒီတော့ ပေသီမြင်းတွေလို ဖြစ်ကုန်ပါတယ်။ မြင်းဆရာကြီး ပေသိက ဆုံးမလို့မရတဲ့ သူ့မြင်းတွေကို သတ်စားလိုက်တယ်။ နာမည်ပျက်တော့ မခံဘူး။ ငါ့ လက်ထွက်တဲ့ ငါ့တပည့်၊ တပည့်ကောင်းတွေပဲ ဖြစ်ရ မယ်။ ငါ့မြင်းမှန်သမျှ ငါသင်ပေးတဲ့ မြင်းမှန်သမျှ မြင်း ကောင်းတွေ ဖြစ်ရမယ်ဆိုတော့ မကောင်းတဲ့ မြင်းတွေ ကို သူ သတ်စားလိုက်တယ်။ ဆုံးမခက်တဲ့သူကို ဆုံးမ သူက လက်လျှော့လိုက်တယ်ဆိုရင် သွားပြီ။ တစ်သက် လုံး အဆုံးအမကောင်းကို မရနိုင်တော့ပါဘူး။

မြတ်စွာဘုရားကလည်း ချော့တစ်လှည့် ခြောက် တစ်လှည့်နဲ့ ဝေနေယျသတ္တဝါတွေကို ယဉ်ကျေးအောင် ဆုံးမသိမ်းသွင်းပါတယ်။ ဘယ်လိုနည်းနဲ့မှ ဆုံးမလို့မရ ရင်တဲ့ ဘုရားရှင်ကလည်း ဒီတပည့်ကို ပစ်ထားလိုက် တယ်။ မဆုံးမတော့ဘူး။ မပြောတော့ဘူး၊ မဆိုတော့ဘူး ဆိုရင် အဆုံးအမ လွတ်သွားတဲ့သူ၊ အဆုံးအမ မရ တော့တဲ့သူသည် ဒုက္ခများဖို့သာ ရှိပါတော့တယ်။ အမှန် လည်းမသိ အမှားလည်းမသိ၊ သင့်တာလည်းမသိ မသင့်တာလည်း မသိ ဖြစ်ရပါတော့တယ်။

သင့်မသင့် တော်မတော် ကောင်းမကောင်းတွေကို သိနားလည်စေဖို့ တစ်စုံတစ်ယောက်က ဆုံးမလာရင် နာယူနိုင်ရမယ်၊ နာခံနိုင်ရမယ်။ အဆုံးအမဩဝါဒကို လိုက်နာကျင့်သုံးတဲ့သူသည် ကောင်းကျိုးချမ်းသာ ဖြစ်ပါ

www.dhammadownload.com



လိမ့်မယ်။ ဆုံးမလွယ်ရင် ကောင်းကျိုး ချမ်းသာရမယ်။ ဆုံးမတာ ခက်နေမယ်ဆိုရင် ဆင်းရဲ ဒုက္ခပဲရလိမ့်မယ်လို့ သိထား နားလည်ထားရပါမယ်။

## ဆုံးမရကျိုးနပ်အောင်

အဓိကပြောချင်တဲ့အချက်က ဆုံးမလွယ်သူ ဖြစ်ဖို့ပါ။ ဆုံးမလွယ်သူ ဖြစ်တော့မှ ဆုံးမရကျိုးနပ်မှာပါ။ မြတ်စွာဘုရားက အမျိုးမျိုး နည်းလမ်းပြ ဆုံးမတယ်ဆိုတာ လောကီ လောကုတ္တရာ ဂုဏ်အမျိုးမျိုးကို ရရှိနိုင်ဖို့ပါ။ ကောင်းကျိုးချမ်းသာအမျိုးမျိုးကို ရဖို့ပါ။ လူချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာ ဆိုပြီးတော့ ချမ်းသာသုခ အစုံအလင်ကို ရဖို့ပါ။

ဆုံးမတတ်တဲ့ မြတ်စွာဘုရားရဲ့ တပည့်တွေ အဆုံးအမကောင်းကို ရထားကြပါတယ်။ မြတ်စွာဘုရားထံက အဆုံးအမတွေ ရကြပါတယ်။ သုတ်၊ ဝိနည်း၊ အဘိဓမ္မာတွေသည် အဆုံးအမပါ။ သာသနာ ဆိုတာသည် အဆုံးအမပါ။ ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာဆိုပြီး သာသနာ သုံးသွယ် ရှိပါတယ်။

ပရိယတ္တိဆိုတာက ကိုယ့်ရည်ရွယ်ချက် ရည်မှန်းချက်တွေ ဖြစ်လာဖို့ မူတွေ ဝါဒတွေ လမ်းစဉ်တွေကို ဖော်ပြထားတာပါ။ ကောင်းကျိုးချမ်းသာ အဖြာဖြာရဖို့ လူ၊ နတ်၊ နိဗ္ဗာန် ချမ်းသာသုခ အမျိုးမျိုးရရှိဖို့အတွက် လမ်းစဉ်ကို ဖော်ပြထားတာသည် ပရိယတ္တိ အဆုံးအမပါ။

www.dhammadownload.com



အဲဒီလမ်းစဉ်အတိုင်း လိုက်နာကျင့်သုံးဖို့ ကျင့်ကြံဖို့ ကျင့်စဉ်ကို ဖော်ပြထားတာက ပဋိပတ္တိ အဆုံးအမပါ။ ဒီအတိုင်းကျင့် ဒီလမ်းအတိုင်းသွား ဆိုပြီးတော့ နည်းပေးခဲ့တာကို ကျင့်နေကြတာက ပဋိပတ္တိကျင့်စဉ်ပါ။

ပရိယတ္တိ၊ ပဋိပတ္တိ၊ သင်စရာ ကျင့်စရာတွေ ပြည့်စုံလာတဲ့အခါမှာ အနန္တချမ်းသာ ကောင်းကျိုးချမ်းသာ မှန်သမျှကို ရရှိပါတယ်။ မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ကို ရတယ်ဆိုတာက ပဋိဝေဓ သာသနာပါ။ သာသနာသုံးရပ်၊ သာသနာသုံးပါးဆိုတာ ဘုရားရှင်ရဲ့ အဆုံးအမတွေပါ။

www.dhammadownload.com

## အဆူဆူသော မြတ်ဘုရားတို့ရဲ့ အဆုံးအမ

အဆူဆူသော မြတ်စွာဘုရားရှင်တို့ အဓိကထား ဆုံးမသွားတဲ့ အဆုံးအမက

၁။ အကုသိုလ်မှန်သမျှကို မပြုနဲ့၊ မလုပ်နဲ့၊ မကောင်း တာတွေ မလုပ်ကြနဲ့။

၂။ ကုသိုလ်ကောင်းမှုမှန်သမျှကို ပြည့်စုံအောင် ပြုကြ ကျင့်ကြ? လုပ်ကြပါ။

၃။ စိတ်ကို ဖြူစင်ပါစေ။ လောဘ ဒေါသ မောဟ တွေနဲ့ ညစ်နွမ်းနေတဲ့ စိတ်ကို ဖြူစင်အောင် လုပ်ပါ တဲ့။

အချက်သုံးချက်ပါ။ မကောင်းတာတွေ မပြုမလုပ်နဲ့။ ကောင်းတာတွေပြုလုပ်ပါ။ စိတ်ကိုလည်း ဖြူစင်အောင် ထားပါတဲ့။ မမှန်တာတွေ မဟုတ်တာတွေ မလုပ်ကြပါ နဲ့။ မှန်တာဟုတ်တာ ကောင်းတာတွေ လုပ်ကိုလုပ်ရပါ မယ်။ ကိုယ့်စိတ်ရင်း စေတနာရင်းကိုလည်း ဖြူစင်အောင်

www.dhammadownload.com



ထားနိုင်ရမယ်လို့ ဂဂ်ါ ဝါဒူ သဲစုမက ပွင့်သွားကြတဲ့ အဆူဆူသော ဘုရားရှင်တို့ ဆုံးမခဲ့ပါတယ်။ အဲဒီအဆုံး အမတွေကို လိုက်နာကျင့်သုံးမယ်၊ လက်ခံနာယူမယ် ဆိုရင် ဆုံးမလွယ်တဲ့ သူပါ။ မလိုက်နာ မကျင့်သုံးဘဲနဲ့ ဆန့်ကျင်နေရင် ဆုံးမခက်တဲ့သူပါ။

## ဆရာ တပည့်တွေ စိတ်ချမ်းသာ

ကိုယ့်တပည့်တွေ ကိုယ်ဆုံးမလိုက်လို့ တစ်ခါတည်း ပြောဆိုလိုက်ရုံနဲ့ နားလည်သွားတယ်။ ပြုပြင်သွားတယ် ဆိုရင် ဆရာလည်း စိတ်ချမ်းသာ၊ တပည့်လည်း စိတ်ချမ်းသာရပါတယ်။ ကိုယ့်ဆရာက ကိုယ့်ကို ဆုံးမလို့ တပည့်တွေက နားမထောင်ဘူး၊ လုပ်ချင်ရာ လုပ် နေချင် ရာနေ ဘယ်လိုမှ မပြုပြင်ဘူးဆိုရင် ဆရာလည်း စိတ် မချမ်းသာ၊ တပည့်လည်း စိတ်မချမ်းသာပါဘူး။

အဆုံးအမကို မလိုက်နာရင် ဆုံးမတဲ့သူလည်း ဆင်းရဲတယ်။ အဆုံးအမ ခံရတဲ့သူလည်းပဲ ဆင်းရဲတယ်။ ကိုယ်လည်းဆင်းရဲ၊ စိတ်လည်းဆင်းရဲပါတယ်။

အဆုံးအမကို တန်ဖိုးရှိရှိနဲ့ တလေးတစား ခံယူရင် ဆုံးမသူလည်း စိတ်ချမ်းသာတယ်။ ခံယူရတဲ့ သူလည်း စိတ်ချမ်းသာပါတယ်။ ကိုယ်လည်းချမ်းသာ စိတ်လည်း ချမ်းသာရပါတယ်။ ကိုယ့်ကိုယ်ကိုယ် သတိထားပြီး တော့ ဆုံးမလွယ်သူဖြစ်အောင် ကြိုးစားရပါမယ်။ ဆုံးမ လွယ်တဲ့သူတွေ ဖြစ်ကိုဖြစ်ရပါမယ်လို့ ဗုဒ္ဓမြတ်စွာရဲ့ တရားဒေသနာများထဲက ထုတ်နုတ်ပြီးတော့ ဆုံးမလွယ်

www.dhammadownload.com



သူ ဖြစ်ပါစေလို့ တရားတစ်ပုဒ် အနေနဲ့ ဟောကြားပေးပါတယ်၊ ဆုံးမပေးပါတယ်။

ဒီအဆုံးအမကို လိုက်နာကျင့်သုံး ကျင့်ကြံနိုင်ကြသဖြင့် ကောင်းကျိုးချမ်းသာအဖြာဖြာ ရရှိနိုင်ကြပါစေ။ လက်ရှိကာလ မျက်မှောက်ဘဝမှာလည်းပဲ ကောင်းကျိုးချမ်းသာရပါစေ။ နောက်နောင်ဘဝ သံသရာမှာလည်း ကောင်းကျိုးချမ်းသာ အဖြာဖြာ ရရှိကြပါစေ။ မဂ်ဉာဏ်ဖိုလ်ဉာဏ်တွေ ရရှိကြပြီးတော့ နိဗ္ဗာန်ကိုလည်း ဝင်စံနိုင်ကြပါစေ။

**ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရ**

www.dhammadownload.com

# ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရ၏ ဓမ္မစာပေပြန့်ပွားရေး ထာဝရငွေပဒေသာပင် ဓမ္မဒါန အလှူရှင်များ

## ကျပ် ဆယ့်ငါးသိန်းနှင့် အထက်အလှူရှင်

၁။ (ဦးကံစိန်) ဒေါ်သိန်းနှင့် သမီး မနုရီစိန်၊
သား ကိုနိုင်အောင်၊
သိန်းမင်းသက်န်းတိုက်၊ ကျုံပျော်မြို့။

၂။ ဦးထွန်းကြိုင် + ဒေါ်ကျင်မိသားစု
၁၃၄၊ မင်းလမ်း၊ မုဒုံမြို့။

## ကျပ် ဆယ့်တစ်သိန်းနှင့် အထက်အလှူရှင်

၁။ (ဒေါ်ခင်နှင်းရီ)အား ရည်စူး၍ ဦးသန်းလွင်၊
သမီး မခင်ခင်စု၊
နှင်းစာပေရတနာ၊ ရန်ကုန်မြို့။

## ကျပ် ဆယ်သိန်းအလှူရှင်

၁။ နှစ်ဖက်သောမိဘများအား အမှူးထား၍
ဦးမြင့်ထွန်း + ဒေါ်ခင်မာရွှေ၊ သမီး ဆုပြည့်စုံထွန်းမိသားစု၊
ဆုပြည့်စုံထွန်းစာပေ၊ ရန်ကုန်မြို့။

## ကျပ် ရှစ်သိန်းနှင့် အထက်အလှူရှင်

၁။ ဒေါ်ခင်နနှင့် ဦးမြညွှန့် + ဒေါ်ခင်မော်မိသားစု၊
သိန်းတစ်ရာ – ဆီစက်နှင့်ပွဲရုံ၊ ရေနံမြို့။

www.dhammadownload.com

## ဓမ္မဒါန အလှူရှင်စာရင်း (၂)

### ကျပ် ခုနစ်သိန်းနှင့် အထက် အလှူရှင်များ

၁။ ဦးငွေအောင် + ဒေါ်ခင်သီတာ၊ သမီးအေး ငွေအောင်၊
သား အောင်ငွေဟိန်း မိသားစု၊ ရန်ကုန်မြို့။

၂။ ဦးအောင်ဇော် + ဒေါ်သန်းစိန် မိသားစု
အမှတ်(၂၆၆)၊ (၃၃)လမ်း၊ ပဲခူးမြို့။

### ကျပ် ခြောက်သိန်းနှင့် အထက် အလှူရှင်များ

၁။ ဦးဝင်းသန်း + ဒေါ်မြင့်မြင့်အုန်း၊ မင်းလမ်း၊ သထုံမြို့။

၂။ ဦးတင်အောင် + ဒေါ်ငြိမ်းငြိမ်း
မိုး – ချိုချဉ် မိသားစု၊ ညောင်လေးပင်မြို့။

၃။ မသင်းသင်းမြတ်၊ ကျိုက်ကော်။

၄။ ဒေါ်ကျင်နု မိသားစု၊ ဟိန်းထက် – စတိုး
ဗိုလ်ချုပ်ဈေး၊ ရန်ကုန်မြို့။

### ကျပ် ငါးသိန်းနှင့် အထက် အလှူရှင်များ

၁။ (ဦးကျော်ဝင်း) ဒေါ်မော်မော်ဦး မိသားစု
အမှတ်(၈၄)၊ လသာလမ်း၊ ရန်ကုန်မြို့။

၂။ ဦးတင့်လွင် + ဒေါ်လှိုင်းယဉ်မိသားစု၊ ဟသ်ာတမြို့။

၃။ ဦးတင်ဝင်း + ဒေါ်ညွန့်ညွန့်ခိုင်မိသားစု
ရွှေရတနာလမ်း၊ ရှစ်မိုင်၊ ရန်ကုန်မြို့။

၄။ ဦးသန်းလွင် + ဒေါ်ရီရီမြင့်မိသားစု
ဆစ်ဒနီမြို့၊ ဩစတြေးလျနိုင်ငံ။

၅။ ခမည်းတော် ဦးကျော်လှိုင် + မယ်တော် ဒေါ်မြင့်ကြည်၊
ကြံ့တိုင်းမြင့်ရွှေဆိုင်၊ သထုံ မြို့။

www.dhammadownload.com



၆။ လှိုင် - ကမာရွတ်ဆရာ၊ဆရာမများနှင့်
စေတနာရှင်များ၊ရန်ကုန်မြို့။

၇။ ဦးသိန်းဇော် + ဒေါ်ခင်လှ၊ သမီး မသွယ်သွယ်ထက်၊
သိန်းဇော်ဆန်ရောင်းဝယ်ရေး၊ ဈေးလမ်း၊ မန္တလေးမြို့။

၈။ ဒေါ်ကင်း၊ ဒေါ်အေးအေး၊ ဒေါ်ထွေးထွေး၊ ဒေါ်ဘေဘီဝင်း၊
တပင်ရွှေထီးလမ်း၊ တောင်ငူမြို့။

၉။ ဦးသိန်း + ဒေါ်ခင်အုံး၊ အမှတ် ၁၀၇၊ ဝေဇယန္တာလမ်း၊
(၃) ရပ်ကွက်၊ တောင်ဥက္ကလာ၊ ရန်ကုန်မြို့။

## ကျပ် ငါးသိန်း အလှူရှင်များ

၁။ (ဦးခင်မောင်လွင်) + ဒေါ်စန်းစန်းမြင့်မိသားစု၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

## ကျပ် သုံးသိန်းနှင့် အထက် အလှူရှင်များ

၁။ ဒေါက်တာအိမ်ဟိုး + ဒေါက်တာခင်သန်းကြွယ်
ဆစ်ဒနီမြို့ ဩစတြေးလျနိုင်ငံ။

၂။ ဦးအောင်ဇော် + ဒေါ်နန်းကျော့
ဆစ်ဒနီမြို့ ဩစတြေးလျနိုင်ငံ။

၃။ ဦးမြင့်သိန်း + ဒေါ်သန်းသန်းဝင်း၊ သမီး ယုလဲ့မြင့်၊
သား ဉာဏ်လင်းမြင့်၊ စပါယ်ရုံလမ်း၊ ရွာမ၊ အင်းစိန်။

၄။ မသန်းသန်းစိုး၊ မမြင့်မြင့်ဦး
သန်းစိုးစတိုး၊ ပတ္တမြားလမ်း၊ ကျိုက်ထိုမြို့။

၅။ ဦးသာထွန်း + ဒေါ်အုံးခင်၊ သမီး နိုင်နိုင်ထွန်းဖြူ၊
လှိုင်လှိုင်ထွန်းဖြူ၊ ဗိုလ်ချုပ်လမ်း၊ ငါးသိုင်းချောင်းမြို့။

www.dhammadownload.com

# ဓမ္မဒါန အလှူရှင်စာရင်း (၄)

၆။ ပါမောက္ခဒေါက်တာရဲမြင့်ကျော် + ဒေါ်ခင်ရည်မွန် မိသားစု၊ စမ်းချောင်း၊ ရန်ကုန်မြို့။

၇။ ဦးအောင်မြင့်သိန်း + ဒေါ်ခင်မိုးရွှေ၊ သား မင်းသူဟိန်း၊ မော်ကန်(၈)လမ်း၊ ပဲခူးမြို့။

၈။ ဦးမင်းလွင် + ဒေါ်ခင်သန်းမြင့်၊ တူမ မရီဝင်းထက်၊ ဆရာကြီးရွှေဆိုင်၊ တောင်ငူမြို့။

၉။ ဒေါက်တာဝါဝါ၊ သချ်ာဌာန၊ ပုသိမ်တက္ကသိုလ်။

## ကျပ် နှစ်သိန်းနှင့် အထက် အလှူရှင်များ

၁။ ဒေါ်တင့်မာ မိသားစု၊ ၃၃၊ ကုသိနာရုံလမ်း၊ ပုသိမ်မြို့။

၂။ ဦးသန်းဦး + ဒေါ်စန်းစန်းမော်၊ သမီး မေသဲဦး၊ ဝင်းလဲ့လဲ့အောင်၊ ၂၁ လမ်း၊ ရန်ကုန်မြို့။

၃။ ဒေါ်ခင်တိုးရီ၊ ဒေါ်ခင်နုရီ
လော့စ်အိန်ဂျယ်လိစ်၊ အမေရိကန်။

၄။ (ဦးခင်အောင်) ဒေါ်ပို့ပို့ မိသားစု၊
ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်၊ ရန်ကုန်မြို့။

၅။ ကိုသန့်ဇင် + မဝင်းဝင်းဖြိုး မိသားစု၊
တော်ဝင်ထွန်းသစ်စက်နှင့် ရေသန့်၊ ရေနံမြို့။

၆။ ဦးဘထက် + ဒေါ်အေးမြင့်မိသားစု
မြင့်ရတနာရွှေဆိုင်၊ အင်းစိန်ဈေးကြီး၊ ရန်ကုန်။

၇။ (ဦးငွေသိန်း) ဒေါ်ခင်မေ၊
ရွှေဆိုင်၊ ကျိုက်ထိုမြို့။

၈။ ဒုဗိုလ်မှူးကြီးဌေးလွင်(ငြိမ်း) + ဒေါ်အေးအေးမြင့်၊
ရွှေဟသာ်ာစတိုး၊ စမ်းချောင်း၊ရန်ကုန်မြို့။

www.dhammadownload.com

## ဓမ္မဒါန အလှူရှင်စာရင်း (၅)

၉။ ဒေါ်ခင်ရီမွေးနေ့အလှူ၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်တော်လေး၊ ရန်ကုန်မြို့။

၁၀။ ဦးဘုန်းမော်ရွှေ + ဒေါ်စန်းစန်းမြင့်၊ သမီး စုနင်းရွှေ၊ မိသားစု၊ မကွေးမြို့။

၁၁။ ဒေါ်အေးအေးမြင့်၊ ဒေါ်ခင်ခင်လေး။ ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။

၁၂။ ဦးသောင်ဇင် + ဒေါ်တင်တင်နွဲ့၊ အမ ဒေါ်တင်တင်အေး၊ သုမင်္ဂလာအိမ်ရာ၊ သဃ်န်းကျွန်း၊ ရန်ကုန်မြို့။

### ကျပ် တစ်သိန်းနှင့် အထက် အလှူရှင်များ

၁။ ဦးကိုကို + ဒေါ်လေးငယ်နှင့် ကိုဇော်မင်း + မဇင်မာ မိသားစု၊ တောင်ငူမြို့။

၂။ ဦးဘသီး + ဒေါ်ခင်ခင်လှ၊ မြသပိတ်လမ်း၊ သထုံမြို့။

၃။ ဦးမြတ်ထွန်း၊ မလေးရှား။

၄။ ဦးထွန်းထွန်းဦး + ဒေါ်သိန်းသိန်းငွေးမိသားစု ၁၀ - အေ (၁)လမ်း၊ လှိုင်ရတနာမွန်အိမ်ရာ၊ ရန်ကုန်။

၅။ ဦးကိုကို + ဒေါ်ခင်နွဲ့နွဲ့၊ ရွှေရတနာလမ်း၊ (၈)မိုင်၊ ရန်ကုန်မြို့။

၆။ ဦးဒယ်ရစ်တင်လေး၊ အမှတ်(၄၆၇)၊ ဗဟိုလမ်း၊ မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။

၇။ ဦးမောင်စိန်၊ သမီးမမြင့်မြင့်အေး၊ အာရှမိတ္တူ၊ အမှတ်(၈၄)၊ လသာလမ်း၊ ရန်ကုန်မြို့။

၈။ ဦးကျင်ငွေ + ဒေါ်ကျင်နု၊ သမီး ဒေါ်တူပို့၊ မြို့မ၊ တောင်ငူမြို့။

၉။ မောင်ထင်ကျော် + မမြရတနာဖြိုး၊ ရေနီမြို့။

www.dhammadownload.com

# ဓမ္မဒါန အလှူရှင်စာရင်း (၆)

၁၀။ (ဒေါ်သန်း) ညီမ ဒေါ်သန်းညွန့်၊ တူမ မအေးမြင့်၊
ပြည်သတိုက်ရွာ၊ တွံတေးမြို့နယ်။

၁၁။ ဦးမိုးနိုင် + ဒေါ်ငြိမ့်ငြိမ့်ကျော်၊ သမီး အိမ့်ဖူးဖူး
ခတ္တာလမ်း၊ စမ်းချောင်း၊ ရန်ကုန်မြို့။

၁၂။ ဒေါက်တာဦးစံကျော် + ဒေါ်ညိုညို၊ သမီး မမေဖြူစံကျော်၊
ပန်းသီဆေးခန်း၊ အင်းစိန်လမ်းမကြီး၊ ရန်ကုန်မြို့။

၁၃။ ဟိန်းထက်ပညာရေး၊ လှဉယျာဉ်၊ ဉက္ကံမြို့။

၁၄။ မောင်ဟိန်းသန့်ဇော်၊ မောင်သူဟန်စိုး
သီရိရွှေစင်ရွှေဆိုင်၊ မန္တလေးမြို့။

၁၅။ သူငယ်ချင်း (၁၂)ယောက်၊ ပဲခူးမြို့။

၁၆။ ဦးလှမြင့် + ဒေါ်စောပုမိသားစု
မြောက်ဉက္ကလာပ၊ ရန်ကုန်မြို့။

၁၇။ ဦးအောင်ဇော်မိုး + ဒေါက်တာနီနီကျော်
(မျက်စိအထူးကု)၊ ရန်ကုန်မြို့။

၁၈။ ဒေါ်ငွေငွေဝင်း (ဗဟိုတရားရုံးချုပ်ရှေ့နေ)
လိပ်ပြာကန်အိမ်ရာ၊ ပဲခူးမြို့။

၁၉။ ဦးအောင်သိန်း + ဒေါ်ရှုတင်မိသားစု
ဖုဂျီဓာတ်ပုံတိုက်၊ ပဲခူးမြို့။

၂၀။ ဦးသိန်းဝင်း + ဒေါ်သန်းသန်းအေး
နှင်းဆီမွှေးစတိုး၊ ကေတုမတီ၊ တောင်ငူမြို့။

၂၁။ ဒေါ်ခင်စန်းမြင့် + ဒေါ်တင်အေးဆင့်
မြေး မင်းထူးမွန်၊ ရန်ကုန်မြို့။

၂၂။ ဒေါက်တာမျိုးသိုက်၊ ကလေးဆေးရုံ၊ ရန်ကုန်မြို့။

www.dhammadownload.com

## ဓမ္မဒါန အလှူရှင်စာရင်း (၇)

၂၃။ ဗိုလ်ချုပ်ခင်မောင်ထွန်း + ဗိုလ်ကြီးဒေါ်တင်တင်အေး မိသားစု၊ နေပြည်တော်။

၂၄။ (ဦးကျင်မောင် + ဒေါ်ကျင်မြ) မိသားစု ၁၇၆၊ ဈေးပိုင်း၊ ၁၈ လမ်း၊ ပဲခူးမြို့။

၂၅။ ဦးကြည်စန်း၊ မွေးနေ့အလှူ၊ ရန်ကုန်မြို့။

၂၆။ ဒေါ်စိန်ကြည် မိသားစု၊ ဒါးက၊ ကန်ကြီးထောင့်မြို့နယ်။

၂၇။ ဒေါ်မေမေထွေး၊ မနန်းခင်ခင်စော ခေမာသီ (၄) လမ်း၊ မြောက်ဥက္ကလာ၊ ရန်ကုန်မြို့။

၂၈။ ဦးအေးမောင် + ဒေါ်ထွား၊ အမေထွားပဲဆီသန့်မိသားစု၊ ရန်ကုန်မြို့။

၂၉။ ကိုသန်းအေး၊ ပုသိမ်မြို့။

၃၀။ ဦးချစ်စိုး + ဒေါ်စန်းစန်းရွှေ မိသားစု၊ ဩစတြေးလျ။

၃၁။ ဦးစိုးရီ + ဒေါ်မြခင်၊ သမီး - မခိုင်ခိုင်မိုး မွေးနေ့၊ နဝဒေးရပ်၊ တောင်စွန်း။

၃၂။ ဝင်းစတားတော်ဆက်၊ ရန်ကုန်မြို့။

၃၃။ ဒေါက်တာသိန်းတန် + ဒေါ်မြင့်မြင့်ဝေမိသားစု၊ ဖြူဖွေးဆေးဆိုင်၊ ကျိုက်ထို။

၃၄။ ဒေါ်စိန်ဗလီ၊ သမီးမအေးမြင့်၊ မော်လမြိုင်မြို့။

၃၅။ ဦးခင်အောင် + ဒေါ်တင်တင်ဝင်း၊ ဗိုလ်ချိုလမ်း၊ ရန်ကုန်။

၃၆။ ဦးချစ်ဝင်း + ဒေါ်ခင်သန်းအေး၊ သီရိလမ်း၊ ဂွမြို့။

၃၇။ စက်ရုံမှူး ဦးပိုက်ထွေး၊ ဒေါ်ခင်မျိုးငွေ မိသားစု၊ စစ်တောင်းစက္ကူစက်၊ သိမ်ဇရပ်မြို့။

၃၈။ မောင်အောင်ထူးနိုင် + မသဲဝေလွင်၊ ပဲခူးမြို့။

www.dhammadownload.com

## ဓမ္မဒါန အလှူရှင်စာရင်း (၈)

၃၉။ ကိုကြီးမြင့် + မမာမာမြင့်၊ တောင်ကြီးမြို့။

၄၀။ မောင်ရဲရင့်ထွန်း + မအေးငွေအောင်
တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

၄၁။ (ဒေါ်ခင်ငွေး) ဒေါ်ခင်သန်းမြင့်မိသားစု၊
လမ်းမတော်၊ ရန်ကုန်မြို့။

၄၂။ ဦးအောင်စိုး + ဒေါ်အယ်မာမြင့် မိသားစု
တပင်ရွှေထီးလမ်း၊ တောင်ငူမြို့။

၄၃။ ဦးရွှေမန်း + ဒေါ်တင်လှမိသားစု
ပတ္တမြားလမ်း၊ ကျိုက်ထိုမြို့။

၄၄။ ဦးတင်မြင့် + ဒေါ်ဝင်းမှီ၊ ကျိုက်ထိုမြို့။

၄၅။ ဦးတင်ဆင့် + ဒေါ်မီမီထွေး သား ရစ်ကီ၊ သမီး ရင်းရင်း၊
အမေရိကန်။

၄၆။ ဒေါ်မြင့်မြင့်ခင်နှင့် မောင် ကိုကျော်မိုးသက်၊
နင်းဆီလမ်း၊ အလုံ၊ ရန်ကုန်မြို့။

၄၇။ ဒေါ်ခင်မာမြင့် မိသားစု၊ ဘုရင့်နောင်၊ ရန်ကုန် မြို့။

၄၈။ (ဦးရွှေချိန် + ဒေါ်ခင်လှ) ဒေါ်လှဆိုင်
မြေး မဒေစီချိန်၊ ပဲခူးမြို့။

၄၉။ ၇ ရက်သားသမီးများ၊ သနပ်ပင်မြို့။

၅၀။ မမေသဲဦး၊ မဝင်းလဲ့လဲ့အောင်မွေးနေ့၊
၂၁လမ်း၊ ရန်ကုန်မြို့။

၅၁။ ဒေါက်တာမြတ်ထွန်း + ဒေါ်ခင်သိန်းဝင်း မိသားစု၊
မျက်စိ နားနှာခေါင်းဆေးရုံ၊ ရန်ကုန်မြို့။

၅၂။ ဦးလှရွှေ + ဒေါ်ခင်အေးမူ၊ ရွှေပန်းတိမ်၊ မြို့လှမြို့။

www.dhammadownload.com

## ဓမ္မဒါန အလှူရှင်စာရင်း (၉)

၅၃။ ဦးစိုင်းစံလင်း + ဒေါ်နန်းရွှေပွင့်၊ သမိုင်း၊ ရန်ကုန် မြို့။

၅၄။ ဦးသန်းနိုင် + ဒေါ်စန်း၊ လောကနတ်ပဲဆီသန့်၊ မိုးကုတ်မြို့။

၅၅။ ဦးညွန့်လွင် + ဒေါ်တင်တင်ဝင်း၊ ၆ လမ်း၊ ရန်ကုန်မြို့။

၅၆။ ဦးခင်မောင်ကြည် + ဒေါ်နုနုအေး၊
သား အောင်ဖြိုးဝေမိသားစု။ ရန်ကုန်မြို့။

၅၇။ ဦးဝင်းမော် + ဒေါ်ခင်ခင်လေး၊ သမီးခင်လင်းမော်၊
ဖော်အဲဗားကုမ္ပဏီ၊ ရန်ကုန်မြို့။

၅၈။ ဦးစောဟန် + ဒေါ်အေးမြင့်၊ သမီး ဒေါ်နွယ်နွယ်အေး၊
မွေးရေဘဏ်၊ ပဲခူးမြို့။

၅၉။ ဦးဘထက် + ဒေါ်အေးမြင့်၊ ရန်ကုန်မြို့။

၆၀။ ဦးကျင်ဆွေ + ဒေါ်ခင်ခင်ဌေး၊
ဖိုးတီးရှမ်းခေါက်ဆွဲဆိုင်၊ ၃၁လမ်း၊မန္တလေးမြို့။

၆၁။ ဒေါက်တာခေတ်ဝေ + ဒေါက်တာခင်ဝါဝါ
သမီး ယွန်းရတီခေတ်၊ ဘုရားကြီး။

၆၂။ ဦးအုံးကျော် + ဒေါက်တာတင်တင်မြမိသားစု၊
သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်း၊ ရန်ကုန်မြို့။

ကျပ်တစ်သိန်းအောက် အလှူရှင်များအား
စာမျက်နှာ အခက်အခဲကြောင့် သီးခြားမဖော်ပြနိုင်ခြင်းအား
ခွင့်လွှတ်ပါရန် မေတ္တာရပ်ခံပါသည်။

www.dhammadownload.com

# ဓမ္မဒူတဒေါက်တာအရှင်ပညိဿရ

## ရေးသားထုတ်ဝေပြီးစာအုပ်များ


| | |
|---|---|
| ၁။ တရားနှင့်နေပါ | ဒု-ကြိမ် |
| ၂။ တရားမရခြင်းအကြောင်းရင်း | ဒု-ကြိမ် |
| ၃။ အပါယ်တံခါးပိတ်ထားကြစို့ | ပ-ကြိမ် |
| ၄။ လမ်းညွှန်တရားဆောင်ပုဒ်များ | ဒု-ကြိမ် |
| ၅။ မငိုကြသောမိသားစု | ပ-ကြိမ် |
| ၆။ လိုရင်းတိုရှင်းဝိပဿနာ | ဒု-ကြိမ် |
| ၇။ တရားဘယ်လိုကျင့်ရမလဲ | ပ-ကြိမ် |
| ၈။ How to Practise Meditation | ပ-ကြိမ် |
| ၉။ လိုအင်ဆန္ဒတွေပြည့်ပါစေ | ပ-ကြိမ် |
| ၁၀။ ဘာသာမဲ့သူလေး | ပ-ကြိမ် |
| ၁၁။ သေဘေးဆင်ခြင်ကြိုတင်ကာပြင် | ပ-ကြိမ် |
| ၁၂။ တရားချစ်တဲ့သူ | ပ-ကြိမ် |
| ၁၃။ တစ်နေ့ကုန်သွားရင် | ပ-ကြိမ် |
| ၁၄။ တရားကျင့်သူနဲ့မကျင့်သူ | ပ-ကြိမ် |
| ၁၅။ နမောတဿဘုရားရှိခိုး | ပ-ကြိမ် |
| ၁၆။ ဘဝစစ်တမ်း | ပ-ကြိမ် |
| ၁၇။ ပေါင်းစုတူယှဉ်နိဗ္ဗာန်ဝင် | ပ-ကြိမ် |
| ၁၈။ ပေးဆပ်ရမယ့် အကြွေး | ပ-ကြိမ် |
| ၁၉။ တရားဘာကြောင့် ကျင့်ရတာလဲ | ပ-ကြိမ် |

www.dhammadownload.com

၂၀။ တရားကျင့်ဖို့ ကောင်းတဲ့အချိန် ပ - ကြိမ်
၂၁။ တရားရနိုင် မရနိုင် ပ - ကြိမ်
၂၂။ တရားကျောင်းက ခေါင်းလောင်းသံ ပ - ကြိမ်
၂၃။ တစ်ဆင့်ထက်တစ်ဆင့် မြင့်ထက်မြင့် ပ - ကြိမ်
၂၄။ နီးလျက်နှင့်ဝေး ပ - ကြိမ်
၂၅။ အရှုံးထဲက အမြတ် ပ - ကြိမ်
၂၆။ အမှတ်တမဲ့အမှား ပ - ကြိမ်
၂၇။ ဘာဝနာဆိုသည်မှာ ပ - ကြိမ်
၂၈။ တရားကပေးတဲ့ချမ်းသာ ပ - ကြိမ်
၂၉။ ခမ္ဘလမ်းပေါ်မှာ ပ - ကြိမ်
၃၀။ နောင်ဖွဲ့မမြင် သံယောဇဉ် ပ - ကြိမ်
၃၁။ ဥပုသ်စောင့်တဲ့ ရည်ရွယ်ချက် ပ - ကြိမ်
၃၂။ ကျေးဇူးသိတတ် ကျေးဇူးဆပ် ပ - ကြိမ်
၃၃။ ဘာအရေးကြီးဆုံးလဲ ပ - ကြိမ်
၃၄။ ကိုယ့်ရဲ့ကယ်တင်ရှင် ပ - ကြိမ်
၃၅။ မနက်ဖြန်ဆိုတာ မသေချာ ပ - ကြိမ်
၃၆။ ကြည့်ရင်းကြည့်ရင်း ပျက်ယိုယွင်း ပ - ကြိမ်
၃၇။ ဘဝထဲမှာ တရားရှာ ပ - ကြိမ်
၃၈။ ဆုံးမလွယ်သူ ဖြစ်ပါစေ ပ - ကြိမ်

ဓမ္မဒူတစာစဉ်

ဓမ္မဒူတ

# ဒေါက်တာအရှင်ပညိဿရ

B.A (Myanmar), M.A (Srilanka), Ph.D (India)

သာသနဓဇဓမ္မာစရိယ၊ သာသနဇောတိပါလဓမ္မာစရိယ၊ သာသနဟိတဂဏဝါစက အာစရိယ
ဓမ္မကထိက ဗဟုဇနဟိတရေ မဟာဂန္ထဝါစကပဏ္ဍိတ

# ကျေးဇူးသိတတ် ကျေးဇူးဆပ်



ဓမ္မဒူတစာစဉ်

ဓမ္မဒူတ

ဒေါက်တာအရှင်ပညိဿရ

B.A (Myanmar), M.A (Srilanka), Ph.D (India)

သာသနဓဇဓမ္မာစရိယ၊ သာသနဇောတိပါလဓမ္မာစရိယ၊ သာသနဟိတဂဏဝါစက အာစရိယ
ဓမ္မကထိက ဗဟုဇနဟိတဓရ မဟာဂန္ထဝါစကပဏ္ဍိတ

# ကိုယ်ရဲ့ ကယ်တင်ရှင်

